# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 14 November 2023 ၁၁၂၇၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်အခြေအနေအတိုင်း ဝယ်ယူလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်တွင် အရောင်းဆိုင်အချို့၌ ပုံမှန်ထက် စက်သုံးဆီဝယ်ယူမှုပိုမိုမြင့်မားလာမှုကြောင့် လိုအပ်သောစက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ရန်ကုန်သီလဝါဆိပ်ကမ်းဒေသရှိ Terminal များမှ ယင်းစက်သုံးဆီ အရောင်းဆိုင်များသို့ နိုဝင်ဘာ ၁၁ ရက်တွင် ဆီတင်ယာဉ် ၃၃၄ စီးဖြင့် 92 Ron ဂါလန် လေးသိန်းကျော်၊ 95 Ron ဂါလန် တစ်သိန်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁၇၀၀၀၀ ကျော်နှင့် ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၇၀၀၀၀ ကျော်ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဆီတင်ယာဉ် ၂၆၈ စီးဖြင့် 92 Ron ဂါလန် သုံးသိန်းကျော်၊ 95 Ron ဂါလန် ၇၅၀၀၀ ကျော်၊ ဒီဇယ်ဆီဂါလန် ၁၄၀၀၀၀ ကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၃၀၀၀၀ ကျော်ကိုလည်းကောင်း ဖြည့်တင်းဆောင်ရွက်ပေးခဲ့သဖြင့် နိုဝင်ဘာ ၁၃ ရက်မှစ၍ ယင်းအရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက် ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အခြေအနေအတိုင်းဖြစ်ကြောင်းနှင့် လိုအပ်ပါက စက်သုံးဆီများကို လိုအပ်သလို အချိန်မီဖြည့်ဆည်းပေးသွားမည်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် လိုအပ်သောစက်သုံးဆီများကို လိုအပ်သလို ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ယနေ့ ဖတ်စရာ**

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပမည်**

စာမျက်နှာ » ၂

**ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့ ကိုယ်တိုင်သိရှိ ဆင်ခြင်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**တစ်နိုင်တစ်ပိုင် စီးပွားဖြစ် ဆောင်ရွက်နေသည့် စူပါဝမ်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း**



ဆောင်းပါး စာမျက်နှာ » ၁၇

**စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ကြိုးပမ်းလျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၁၄

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ယနေ့ မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

ကြေးမုံ

# ကျန်းမာရေးအသိဖြင့် ရောဂါများကိုကာကွယ်

အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ်ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် ဆီးချိုဖြစ်ပွားနေသူ ၅၃၇ သန်းရှိ၍ လူ ၁၀ ဦးတွင် တစ်ဦး ဆီးချိုရောဂါဖြစ်ပွားနေပြီး ဆီးချို၊ သွေးချိုဖြစ်ပွားနေသူ လူဦးရေတစ်ဝက်ခန့်သည် မိမိတွင် ဆီးချိုရောဂါဖြစ်နေသည်ကို မသိရှိကြပေ။ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုကြောင့် သေဆုံးရမှုသည် နှစ်စဉ်မြင့်မားလျက်ရှိပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သေဆုံးမှုပိုများနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် စစ်တမ်းအရ ကနဦး ဆီးချိုရောဂါအဆင့်ရှိသူ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ထိုသူများသည် ဆီးချိုရောဂါဝေဒနာရှင်အဖြစ်နှင့် နောက်ဆက်တွဲရောဂါဖြစ်နိုင်ခြေ အလွန်များနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာအရ အသက် (၂၅) နှစ်မှ (၆၅)နှစ်အတွင်း ဆီးချိုရောဂါဖြစ်ပွားနေသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး သွေးတိုးရောဂါဖြစ်ပွားနေသူမှာ ၂၆ ရာခိုင်နှုန်း၊ သွေးအတွင်းအဆီဓာတ်များနေသူများမှာ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲသူ ၅၄ ဒသမ ၄ ရာခိုင်နှုန်း၊ အဝလွန်ကဲသူ ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။ ဆီးချို၊ သွေးချိုရောဂါသည် ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်စေပြီး ရောဂါနောက်ဆက်တွဲဆိုးကျိုးကြောင့် ခြေထောက်ဖြတ်ခံရနိုင်ခြေ ၁၅ ဆမှ အဆ ၄၀ မြင့်မားနေသည်။ ထို့အပြင် မျက်စိအမြင်ဆုံးရှုံးနိုင်ခြေမှာလည်း ပိုများနေသည်။ ထို့အပြင် နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်လေငန်းရောဂါဖြစ်စေနိုင်သည့်အန္တရာယ်ရှိနေသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုရောဂါပညာပေး ကုသမှုဌာနများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ထားသည့်အပြင် နိုင်ငံတစ်ဝန်းရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများတွင် ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများကို ကုသပေးလျက်ရှိသည်။ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများကို ကျန်းမာရေးဝန်ထမ်းများက အခမဲ့စစ်ဆေးကုသပေးခြင်း၊ လိုအပ်လျှင် လွှဲပြောင်းကုသမှုခံယူစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ရမည့် နည်းလမ်းများနှင့်လေ့ကျင့်ခန်းများကို သင်ကြားပြသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူလူထုအနေဖြင့်လည်း ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်၍ သိမှတ်စရာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးရုံသာမက မိသားစု၊ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုတစ်ရပ်လုံးသို့ ပျံ့နှံ့အောင် အသိပညာများလက်ဆင့်ကမ်း မျှဝေပေးခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုမှ ကင်းဝေးအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဆိုသည့် ကျန်းမာရေးလမ်းညွှန်ချက်အတိုင်း မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားခြင်းမရှိစေရန် လူတစ်ဦးချင်း တစ်ယောက်ချင်းကိုယ်တိုင်က မိမိတို့၏ အပြုအမူ အနေအထိုင် အစားအသောက်များကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံအဖြစ် ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ ဆီးချို၊ သွေးချို ရောဂါကာကွယ်နိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးဆိုသကဲ့သို့ ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်သင့်ပါသည်။ မျက်မှောက်ကာလတွင် ပြည်သူများကြား လူ ၁၀ ဦးတွင် တစ်ဦးသည် ဆီးချို၊ သွေးချိုရောဂါကဲ့သို့ မကူးစက်တတ်သောရောဂါတစ်မျိုးမျိုးဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားနေမှုကို သတိမမူမိတတ်ကြသဖြင့် ၎င်းရောဂါများ၏ ကနဦးလက္ခဏာများဖြစ်သော ရေအလွန်ငတ်ခြင်း၊ နုံးခွေခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ မျက်စိအမြင် မှုန်ဝါးလာခြင်း၊ ဒဏ်ရာနှင့် အနာများ သက်သာပျောက်ကင်းမှုနှေးခြင်း၊ အနာမကျက်ခြင်း၊ မကြာခဏရောဂါပိုးကူးစက်ခံရပြီး ဖျားနာခြင်းများဖြစ်ပေါ်လာလျှင် သတိပြုစစ်ဆေးကြရမည်ဖြစ်သည်။ ကနဦးလက္ခဏာများကို သိရှိသည်နှင့် တစ်ပြိုင်တည်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသကြပြီး ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အများပြည်သူတို့ အဖြစ်များနေသည့် ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် နှလုံးသွေးကြော စသည့်မကူးစက်နိုင်သောရောဂါများ ကြီးထွားလာသည်ကိုတွေ့ရမည် ဖြစ်သည်။ အဆိုပါရောဂါများနှင့်ပင် လူ့အသက်များ၊ ဘဝများ ဆုံးရှုံးပျက်စီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါရောဂါများသည် လူတစ်ဦးမှတစ်ဦး ကူးစက်ခြင်းကြောင့်မဟုတ်ဘဲ လူတို့၏ သတိမပြု အလေးမထားနိုင်သည့် အပြုအမူ၊ နေထိုင်၊ စားသောက်၊ လုပ်ကိုင်မှုများကြောင့် ရောဂါများရလာခြင်းဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ လူတို့၏ လူမှုဘဝ နေထိုင်စားသောက်မှုပုံစံများကို ပြုပြင်လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် ကျန်းမာရေးနှင့်ညီညွတ်သောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတို့၏ လူမှုစီးပွားဘဝများကို ပျက်စီးထိခိုက်ဆုံးရှုံးစေနိုင်သည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားခြင်းမရှိစေရန်အတွက် လူတစ်ဦးချင်းအလိုက် နေထိုင်စားသောက်မှုဘဝပုံစံများကို သတိပြုဆင်ခြင်ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်ကြခြင်းအားဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေနိုင်သည့်ဘဝများကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၅၊ ၂၆ နှင့် ၂၇ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို သုံးရက်တိုင်တိုင် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုက်ပွဲဝင်စစ်သည်များအတွက် စာပေအဖွဲ့အစည်းများက အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ၌ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်လျက်ရှိသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သတင်းစဉ်



## အင်္ဂပူမြို့နယ်အတွင်း မိုးစပါးနှင့် မိုးနေကြာစိုက်ပျိုး

**အင်္ဂပူ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထူးကြီးဒေသ အုတ်ရှစ်ကုန်းကျေးရွာရှိ တက်နေဝင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေနှင့် မြင့်မြတ်သူ နေကြာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ မိုးနေကြာ စိုက်ပျိုးထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့စိုက်ပျိုးရာတွင် တက်နေဝင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ၅၄ ဦး၏ မိုးစပါးစိုက်ဧက ၂၉၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများကို လည်းကောင်း၊ မြင့်မြတ်သူ နေကြာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၄၀ ၏ မိုးနေကြာစိုက်ဧက ၄၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၃၀၀၀ နှင့်ညီမျှသော ပံ့ပိုးငွေကျပ် ၅၄၁၂၀၀၀ ကို လည်းကောင်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၁၆၀ | ၁,၃၇၇,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၄၃၈ | ၁,၂၇၀,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၂၂၈ | ၃၇၃,၇၅၀ |
| TMH | ၂,၄၀၀ | ၂,၄၅၀ | ၁၀၂ | ၂၄၉,၈၅၀ |
| EFR | ၂,၀၅၀ | ၂,၀၅၀ | ၅၈၀ | ၁,၁၈၉,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၃၀ | ၁၄၄,၆၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၁,၂၀၀ | ၂,၀၄၀,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

သတင်းစဉ်

# တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online, Mobile Payment ဖြင့် ပေးသွင်းခြင်းနှင့် အွန်လိုင်းကျောင်းဝင်မှတ်ပုံတင်ခြင်း (Online Registration) တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online, Mobile Payment ဖြင့် ပေးသွင်းခြင်းနှင့် အွန်လိုင်းကျောင်းဝင် မှတ်ပုံတင်ခြင်း (Online Registration)တို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ CB ဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ Telecom International Myanmar တို့မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ် ၅၀ တွင် နေ့သင်တန်းနှင့် အဝေးသင်ကျောင်းသားဦးရေ စုစုပေါင်း ငါးသိန်းကျော်နှင့် ပညာရေး ဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ကျောင်းသားဦးရေ နှစ်သောင်းနီးပါးရှိကြောင်း၊ အထူးသဖြင့် အဝေးသင်ကျောင်းသားအချို့မှာ နယ်ဝေးမှ တက္ကသိုလ်သို့ လာရောက်ကျောင်းအပ်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် User-friendly Online Platform တည်ဆောက်ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူ User များ အဆင်ပြေချောမွေ့စွာ အွန်လိုင်းမှ ကျောင်းဝင်မှတ်ပုံတင်ခြင်း (Online Registration) ပြုလုပ်ကာ ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာမေးပွဲကြေးတို့ကို Online, Mobile Payment ဖြင့် ပေးသွင်းနိုင်သည့်စနစ် ကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) အထွေထွေ မန်နေဂျာနှင့် တက်ရောက်လာသော ဘဏ်အကြီးအကဲများက ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမြှင့်တင်ရာတွင် ဘဏ်လုပ်ငန်းများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် မကြာမီဦးစီးကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်သွားကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင်၌ ကျောင်းသားအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေး ခရိုင်အဆင့် လူရွေးပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ကျောင်းသားအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေး ခရိုင်အဆင့် လူရွေးပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ခရိုင်အားကစားနှင့် လူငယ်ရေးရာဦးစီးဌာနရှိ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

**ရည်ရွယ်**

ဦးစွာ ခရိုင်အဆင့် လူရွေးပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ကျောင်းတွင်းအားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံကိုယ်စားပြုအားကစားသမားများအဖြစ် လေ့ကျင့်ပြုစုပေးနိုင်ရန်၊ အားကစားစိတ်ဓာတ်ကို အရင်းခံ၍ အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်းဥပဒေနှင့် နည်းပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းများဖြစ်မှု စသည့်ကောင်းမြတ်သော အရည်အသွေးကောင်းများ ရရှိလာစေရန်နှင့် အားကစားပွဲတော်မှ ထွက်ပေါ်လာသည့် ထူးချွန်အားကစားသမားများအား စုစည်းလေ့ကျင့်ကာ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေး အတွက်ရည်ရွယ်၍ ခရိုင်အဆင့် လူရွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ ခရိုင်အဆင့်လူရွေးပွဲကို အမျိုးသား အမျိုးသမီး (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်) ပြိုင်ပွဲများကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများမှ ရွေးချယ်ခံရသော အားကစားသမားများအား နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ စခန်းသွင်းလေ့ကျင်းသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသို့ တိုင်းအဆင့် ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၈ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

■

# လသာမြို့နယ်၌ ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနား ကျင်းပ

**လသာ နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(၁) အောင်တံခွန် အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးမင်းထက်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုဆိုသည့်နေရာ၌ လူကြီးတွေသာမကဘဲ ကလေးသူငယ်များကပါ ပါဝင်ကူညီဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းဖြစ်ကြောင်းနှင့် ယခုလို ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ အနေဖြင့် သဘာဝဘေး ဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်၊ ပြည်သူလူထုနှင့်အတူ ကလေးသူငယ်များအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ခေတ္တမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကလေးသူငယ်များအနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုများ ဆောင်ရွက်နိုင်ရန် သရုပ်ပြခြင်း၊ ဂိမ်းကစားခြင်း အစီအစဉ်များနှင့် မီးဘေးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားလျှင် ကယ်ဆယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ အသုံးပြုပုံများကို လက်တွေ့ဆောင်ရွက်ပေးရာ ကျောင်းသား ကျောင်းသူများက တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး သိရှိလိုသည်များကို မေးမြန်းကြကာ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

နန်းသဲနုအောင်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**



# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၄ / ၂၀၂၃) ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၄/၂၀၂၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ကျင်းပသည်။

**သင်ကြားပို့ချပေးမည်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ယခုသင်တန်းတွင် ရွေးကောက်ပွဲနှင့် ရုံးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများကျင်းပရာတွင် မြို့နယ်ကိုအခြေခံပြီး ကျင်းပဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြို့နယ်ရှိဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများ အနေဖြင့် မြို့နယ်အရာရှိများကိုယ်စား လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မြို့နယ်တာဝန်ခံဦးစီးအရာရှိတစ်ဦး ဆောင်ရွက်ရသည့်လုပ်ငန်း တာဝန်များကို သိရှိထားရန်လိုအပ်ကြောင်း။

**အရည်အချင်းပြည့်ဝရန်လိုအပ်**

ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်ကြရမည့် ဝန်ထမ်းများအနေဖြင့် အရည်အချင်းပိုင်းဆိုင်ရာ ပြည့်ဝရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်များကိုလည်း ကြိုတင်မြော်တွေးပြီး ဆောင်ရွက်တတ်ရန် လိုကြောင်း၊ ပြောဆိုပြုမူနေထိုင်ရာတွင်လည်း အများလေးစားအောင်၊ ယုံကြည်မှုရှိအောင် နေထိုင်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၄၅ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ တကောင်းဘုရားလမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမား ပြည်သူ့ပါတီ**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၄၀) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ပျဉ်းမနားမြို့နယ်၌ ပဉ္စမနေ့အဖြစ် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ပျဉ်းမနားမြို့နယ်၌ ပဉ္စမနေ့အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကာ မဲပေးစက်၏ထိန်းချုပ်စက် (Control Unit)ကို မဲဆန္ဒရှင်များကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိမဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

စမ်းသပ်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ပြီး မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များသည်လည်း မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲမရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို လက်တွေ့သိရှိခဲ့ရကြောင်းနှင့် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရန်အောင်(၁)ရပ်ကွက်၊ ရန်အောင်(၂)ရပ်ကွက်၊ ယောက်သွားအင်းကျေးရွာအုပ်စု၊ ကိုးတစ်ကျေးရွာအုပ်စု၊ ဘန့်ဘားကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာအုပ်စု၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ ကံဦးကျေးရွာအုပ်စု၊ ပြည်ထောင်ကိုးကျေးရွာအုပ်စု၊ တောင်သာကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ မယ်ဇလီကုန်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စု၊ မဲပေါက်ကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့မှူး၌ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲ ကျင်းပ

**ကော့မှူး နိုဝင်ဘာ ၁၃**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲကို ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မုတ်ကျွန်းတာ (သရက်တောအပိုင်း) သရက်တောကျေးရွာအုပ်စု၌ ကျင်းပသည်။

အသိပညာပေး ဆောင်ရွက်ရာတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မုတ်ကျွန်းတာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြား အဖျက်အမှောင့် လုပ်ငန်းများကြောင့် တာတမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ရေဘေးအန္တရာယ်ကျရောက်ပြီး ပျက်စီးဆုံးရှုံးရခြင်းမှ ကာကွယ်နိုင်ရေးအတွက် ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နောင်တော်ကြီးစေတီ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒခံယူခြင်းစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက်ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာများ မိန့်ကြားတော်မူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



**ကြည့်ရှုစစ်ဆေး**

ဩဝါဒခံယူပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဂေါပကအဖွဲ့ဝင်များနှင့်အတူ ရွှေတိဂုံစေတီတော်၏ နောင်တော်ကြီးစေတီတော် မျက်ပါး ရွှေသင်္ကန်းတော်ကပ်လှူမည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီတော်နှင့် အရံစေတီများအား လုံးတော်ပြည့် ရွှေသင်္ကန်း ပြန်လည်ဆက်ကပ်မည်ဖြစ်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် မိမိတို့၏ကုသိုလ်များ ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ (တတိယအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကြီးဖွင့်ပွဲအခမ်းအနား ကျင်းပ

ဟိုပုံး နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (တတိယအကြိမ်မြောက်)နာဂပုရ သာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် နမောတဿ အစချီသော ဗုဒ္ဓဝန္ဒနာဂါထာတော်ဖြင့် အခမ်းအနား ဖွင့်လှစ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မြို့နယ်သံဃနာယကဥက္ကဋ္ဌ နာဂပုရသာသနာလင်္ကာရအသင်းဥက္ကဋ္ဌ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တအာလောက မဟာထေရ်နှင့် ဆရာတော်၊ သံဃာတော်များထံမှ သရဏဂုံသီလဆောက်တည်ပြီး မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ နာဂပုရသာသနာလင်္ကာရအသင်းဥက္ကဋ္ဌ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တအာလောက မဟာထေရ်က ဩဝါဒကထာများ ချီးမြှင့်တော်မူပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက သာသနာတော်ဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဇနီး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အလှူရှင်များက တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဗုဒ္ဓသာသနံ စီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ (တတိယအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲတွင် မူလတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၃၅၉ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၉၉၇ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၈၂ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၄၈ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၈၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်မှ ၆ ရက်၊ နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၃

အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ သီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ ခုတင် ၁၀၀၀ (မင်္ဂလာဒုံ)မှ တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ အရိုးရောဂါအထူးကု တပ်မှူး ဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါ ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းဆိုင်ရာသင်တန်းအား နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၄၀ တက်ရောက်ကာ နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဘာသာရပ်ပေါင်း ၂၀ ကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလ၌ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေတို့တွင် ထိခိုက်ဒဏ်ရာရရှိသူ လူနာအမျိုးမျိုးကို ကူညီကယ်ဆယ်ပြုစုစောင့်ရှောက်ရာ၌ အရေးပေါ်ဆေးအကာအကွယ်ပေးနိုင်သော သင်ခန်းစာများကို စာတွေ့နှင့် လက်တွေ့ပိုင်းဆိုင်ရာများ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုကဲ့သို့သင်တန်းဖွင့်လှစ်ရခြင်းသည် မီးဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားစေတတ်သော ဘေးအန္တရာယ်တစ်မျိုးမျိုးဖြစ်ပွားချိန်တို့တွင် ပြည်သူလူထုအား အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း အတတ်ပညာများဖြင့် ကူညီကယ်ဆယ်နိုင်ရန်၊ နိုင်ငံတကာမီးသတ်တပ်ဖွဲ့နည်းတူ မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် ဘေးအန္တရာယ်များနှင့် Emergency Medical Services လုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကိုလွင်



စာပေမြင့်မှ လူမျိုးတင့်မည် စာအုပ်စာပေ လူ့မိတ်ဆွေ

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့ ကိုယ်တိုင်သိရှိ ဆင်ခြင်စို့

**ပါမောက္ခဒေါက်တာကိုကို**
--------------------
**ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်**

ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါသည် ကပ်ရောဂါတစ်ရပ်အနေဖြင့် ဖြစ်ပွားလျက်ရှိသော ပြည်သူ့ကျန်းမာရေး အဓိကပြဿနာတစ်ရပ် ဖြစ်ပါသည်။ ဆီးချိုသွေးချိုရောဂါကြောင့် ခန္ဓာကိုယ်၏သွေးကြောငယ်များထိခိုက်ကာ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ အာရုံကြောများပျက်စီး၍ ခြေလက်ထုံနာကျင်နာဖြစ်ခြင်း၊ ဆီးချိုနှင့် ယင်း၏ဆက်နွှယ်နေသော သွေးတိုး၊ သွေးတွင်း အဆီဓာတ်များခြင်းတို့ကြောင့် သွေးကြောကြီးများထိခိုက်ကာ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းတို့ ခံစားရပါသည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါသည် အခြားမကူးစက်နိုင်သောရောဂါများဖြစ်သည့် လေဖြတ်လေငန်းရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါများနှင့် နှလုံးအားနည်းရောဂါ၊ ကျောက်ကပ်ရောဂါတို့နှင့် တွဲဖြစ်လျက်ရှိသည်ကို တွေ့ရပါသည်။

**ဆီးချိုသွေးချို ဖြစ်ပွားမှုအခြေအနေ**

အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ် (IDF)၏ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် အသက်(၂၀)မှ (၇၉)နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူ ၅၃၇ သန်း ရှိပြီး လူ ၁၀ ဦးလျှင် တစ်ဦးတွင် ဆီးချိုသွေးချိုရောဂါရှိနေသည်ကို တွေ့ရပါသည်။ ထက်ဝက်နီးပါးခန့်သည် မိမိတွင် ဆီးချိုသွေးချိုရောဂါ ရှိလို့ရှိမှန်း မသိကြသည်ကို တွေ့ရှိရပါသည်။ ဆီးချိုသွေးချိုရောဂါအပါအဝင် အခြား နာတာရှည် မကူးစက်နိုင်သော ရောဂါအမျိုးမျိုးသည် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပွားသူအရေအတွက်များပြားလာသည်ကို တွေ့ရပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၃ သန်း၊ ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းအထိ ဆီးချိုသွေးချိုဖြစ်ပွားသူများ တိုးတက်များပြားလာမည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ကြပါသည်။ ဆီးချိုသွေးချိုရောဂါကြောင့် ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးတွင် လူပေါင်း ၆ ဒသမ ၇ သန်း သေဆုံးနေကြောင်း တွေ့ရှိရပြီး ယင်းသည် ငါးစက္ကန့်တွင် လူတစ်ဦးနှုန်း သေဆုံးခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မကူးစက်နိုင်သော အဓိကရောဂါများဖြစ်စေနိုင်သော အန္တရာယ်ရင်းမြစ်အကြောင်းအရင်းများဆိုင်ရာ သုတေသနစာတမ်း(WHO STEP Survey) အစီရင်ခံစာအရ အသက်(၂၅)နှစ်မှ (၆၅)နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူများ ၁၀ ဒသမ ၅ ရာခိုင်နှုန်း တစ်နည်းအားဖြင့်(၁၀ ဦးတွင် တစ်ဦး)ရှိပြီး prediabetes ဟု ခေါ်သော ကနဦးဆီးချိုအဆင့်မှာ မြန်မာ ပြည်သူ ၁၉ ဒသမ ၇ ရာခိုင်နှုန်း တစ်နည်းအားဖြင့်(ငါးဦးတွင်တစ်ဦး)ရှိနေသည်ကို တွေ့ရပါသည်။ သေသေချာချာ ထိထိရောက်ရောက် ကာကွယ်ကုသမှုမပြုလျှင်၊ ကနဦးဆီးချိုရှိသူများ၏ သုံးပုံ တစ်ပုံသည် နောက်ငါးနှစ်အတွင်း ဆီးချိုသွေးချိုနှင့် နှလုံးရောဂါများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အသက်(၂၅)နှစ်မှ (၆၅)နှစ်အကြား မြန်မာနိုင်ငံသားများတွင် သွေးတိုးရောဂါဖြစ်ပွားနေသူ ၂၆ ရာခိုင်နှုန်း၊ သွေးတွင်း အဆီဓာတ်များနေသူ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲသူ ၅၄ ဒသမ ၄ ရာခိုင်နှုန်း၊ အဝလွန်ကဲသူ ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရှိနေသည်ကိုလည်း WHO STEP Survey အရ သိရှိရပါသည်။ ဆေးလိပ်သောက်လျှင် အဓိကမကူးစက်နိုင်သောရောဂါများဖြစ်သည့် အဆုတ်ကင်ဆာ၊ နာတာရှည် လေပြွန်ရောင်ရောဂါနှင့် အဆုတ်ပွရောဂါများဖြစ်ရန် အလားအလာများလျက်ရှိသကဲ့သို့ ဆီးချိုသွေးချိုရောဂါရှိသူများ၌ နှလုံးသွေးကြောရောဂါများ၊ လေဖြတ်လေငန်းရောဂါများနှင့် ခြေထောက်သွေးကြောကျဉ်းကာ ခြေထောက်ပုပ်ရောဂါများ ဖြစ်နိုင်ပါသည်။ အဝလွန်သူများတွင်လည်း ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ သည်းခြေရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အရိုးအဆစ်ရောင်ရောဂါ၊ သားအိမ်နံရံကင်ဆာ၊ ရင်သားကင်ဆာ၊ ဆီးကြိတ်ကင်ဆာ၊ အူမကြီးကင်ဆာ စသည့် နာတာရှည် မကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေအလွန်များပါသည်။

**ကိုယ်ဝန်ဆောင်ဆီးချို**

ဒေသတွင်း ကောက်ယူခဲ့သည့် သုတေသနများမှ တွက်ချက်ဆန်းစစ်ချက် (Meta–analysis)များအရ ကိုယ်ဝန်ဆောင်ဆီးချို(Gestational diabetes) မိခင်အရေအတွက်သည် အရှေ့တောင်အာရှဒေသတွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၃၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါသည် မိခင်နှင့်ကလေး သေဆုံးမှုမြင့်မားစေသည့်အပြင် မွေးပြီးမိခင်များတွင် ရောဂါရှိ မရှိ မှန်မှန်စမ်းသပ်ခြင်းမပြုလျှင်၊ အစားအသောက်အနေအထိုင် မဆင်ခြင်လျှင် နောင်တွင် ဆီးချိုသွေးချိုဖြစ်လာမည့် အလားအလာ များလာပါသည်။ မွေးလာမည့်ကလေးသည်လည်း လူကြီးဖြစ်လာလျှင် အဝလွန်နိုင်ခြေ၊ ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေ များပြားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မိခင်လောင်းများသည် နောင်မျိုးဆက်များ ကျန်းမာသန်စွမ်းစေရန် အဝမလွန်အောင်၊ ဆီးချိုသွေးချိုမဖြစ်အောင် ကာကွယ်နေထိုင်ကြရမည် ဖြစ်ပါသည်။

**ဆီးချိုသွေးချို ဖြစ်ပွားရသည့် အကြောင်းရင်းများ**

ဆီးချိုသွေးချိုရောဂါ အပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်မှုမရှိသည့် လူနေမှုပုံစံများဖြစ်သော ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်စားသောက်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းတို့ ဖြစ်ကြပါသည်။ မကူးစက်နိုင်သောရောဂါများ၏ နောက်ဆက်တွဲရောဂါများကြောင့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းတို့ကို ခံစားနေကြရသည့်အတွက် ပြည်သူလူထုမှာ အရွယ်မတိုင်ခင် သေဆုံးခြင်း၊ ဒုက္ခိတဖြစ်ခြင်းတို့ကြောင့် အလုပ်လုပ်ကိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ဝေဒနာရှင်များ၏ မိသားစုတိုင်းတွင် လူနာကိုကုသရသည့် စရိတ်ကုန်ကျမှုနှင့်ဆက်စပ်ပြီး လူမှုစီးပွားဒုက္ခများ ခံစားကြရရုံသာမက အလုပ်လုပ်ကိုင်နိုင်စွမ်းလျော့နည်းလာပြီး နိုင်ငံတော်အနေဖြင့်လည်း ဆေးကုသစရိတ်များကြောင့် တိုင်းပြည်ဝင်ငွေများ သန်းပေါင်းချီ၍ ဆုံးရှုံးနေရခြင်းစသည့် လူမှုဒုက္ခမျိုးစုံ ခံစားလာကြရပါသည်။

**ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်သည့် နည်းလမ်းများ**

“ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်”ဆိုသော ဆောင်ပုဒ်နှင့်အညီ ထိုရောဂါများ မဖြစ်ပွားစေရန်အတွက် လူတစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်တိုင်က မိမိတို့၏ အပြုအမူ၊ အနေအထိုင်များကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် လိုအပ်ပါသည်။ အာဟာရမျှတသော အစားအစာများကို မှန်ကန်သောပမာဏ၊ အချိုးအစားများနှင့် စုံလင်စွာစားသောက်ခြင်း၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစာများ စားသုံးခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေဆာလျှင် အချိုရည်မသောက်ဘဲ ရေကိုသာသောက်ခြင်း၊ ခန္ဓာကိုယ် အဝမလွန်အောင် ထိန်းသိမ်းခြင်း၊ သွက်လက်တက်ကြွသော လူနေမှုပုံစံနှင့် နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို တစ်နေ့မိနစ် ၃၀၊ တစ်ပတ် မိနစ် ၁၅၀ ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း ရှောင်ကြဉ်ခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ တီဗွီစသည်တို့ကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရာရာအပြုသဘောမြင်ကာ ယောနိသော မနသိကာရ မှန်ကန်စွာနှလုံးသွင်း၍ စိတ်အေးချမ်းသာအောင်နေထိုင်ခြင်းတို့ဖြင့် ဆီးချိုသွေးချိုအပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုကို ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း သုတေသနစာတမ်းများမှာ ဖော်ပြထားပါသည်။

**နိုင်ငံတော်အစိုးရမှ အလေးပေးဆောင်ရွက်ချက်များ**

ပြည်သူလူထုအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင် ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်း၊ ကျန်းမာရေးအသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ပြန့်ပွားအောင် အထူးအလေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာမှာ ဆီးချိုသွေးချိုအပါအဝင် မကူးစက်နိုင်သောရောဂါများအားကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်း၊ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များကစပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်များ ပေါ်ထွန်းလာစေရန်အတွက် ကျောင်းတွင်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုအသိပညာ မြှင့်တင်ခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်ကြော်ငြာများ တားမြစ်ခြင်းနှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးရန် အသိပညာပေးခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများအား အခွန်တိုးမြှင့်ခြင်းနှင့် ကောက်ခံရရှိသော အခွန်အခဘဏ္ဍာငွေကို ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်ဖြစ်စေရန် စီမံခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့် အငန်လျှော့ချခြင်း၊ ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများ မပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်းတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း အခြေခံကျန်းမာရေးဝန်ထမ်းများကို ဆီးချိုသွေးချိုရောဂါ ကာကွယ်ကုသရေးလုပ်ငန်းဆိုင်ရာ သင်တန်းများပေးခြင်း၊ ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆီးချိုသွေးချိုရောဂါ ကာကွယ်ကုသရေးဆိုင်ရာ လမ်းညွှန်များ ပြုစုထုတ်ဝေခြင်း၊ ပြည်သူလူထုအား မီဒီယာပေါင်းစုံမှ စဉ်ဆက်မပြတ် အသိပညာပေးခြင်းတို့အပြင် လိုအပ်သည့် အခြေခံဆေးဝါးများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နေပြည်သူလူထုမှ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစေရန်အတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုအဆင့်မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ **ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနနှင့် မိခင်ကလေးကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသမှု ဆေးခန်းများကို ၂၀၁၇ ခုနှစ်မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ဆေးခန်းများတွင် ဆီးချိုသွေးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း လိုအပ်လျှင် လွှဲပြောင်းပေးခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံရရှိစေရန်အတွက် ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။**

**“အာဟာရမျှတသော အစားအစာများကို မှန်ကန်သောပမာဏ၊ အချိုးအစားများနှင့် စုံလင်စွာစားသောက်ခြင်း၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစာများ စားသုံးခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေဆာလျှင် အချိုရည်မသောက်ဘဲ ရေကိုသာသောက်ခြင်း၊ ခန္ဓာကိုယ် အဝမလွန်အောင်ထိန်းသိမ်းခြင်း၊ သွက်လက်တက်ကြွသော လူနေမှုပုံစံနှင့် နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို တစ်နေ့မိနစ် ၃၀၊ တစ်ပတ် မိနစ် ၁၅၀ ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း ရှောင်ကြဉ်ခြင်း၊ အိပ်ရေးဝဝအိပ်စက်ခြင်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ တီဗွီစသည်တို့ကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရာရာအပြုသဘောမြင်ကာ ယောနိသော မနသိကာရ မှန်ကန်စွာနှလုံးသွင်း၍ စိတ်အေးချမ်းသာအောင်နေထိုင်ခြင်းတို့ဖြင့် ဆီးချိုသွေးချိုအပါအဝင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုကို ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း သုတေသနစာတမ်းများမှာ ဖော်ပြထား”**

စာမျက်နှာ ၇ သို့ »»

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကရင်ပြည်နယ်အတွင်း သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ထားမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးနှင့် သတ္တုတွင်းဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းကလည်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်ထောင်စုရိပ်သာညွှန့်ခန်းမ၌ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်းရှိ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**ကြည့်ရှု**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့နယ် သစ်တောဦးစီးဌာနရုံးသို့ သွားရောက်၍ ပြည်နယ်သစ်တောဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး မြို့မပျိုးဥယျာဉ်အတွင်း ပျိုးပင် ၂၅၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ဆက်လက်ပျိုးထောင်မည့် ပျိုးပင် ၈၀၀၀၀ အတွက် ပြင်ဆင်ထားမှုအခြေအနေကို ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း ပြည်နယ်ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ပြည်နယ်အတွင်းရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့သောနည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို စီမံဆောင်ရွက်သွားရန်နှင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် သဘာဝသစ်တောများ ထိန်းသိမ်းခြင်း၊ စိုက်ခင်းများတည်ထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမဝင်သစ်နှင့် သတ္တုထုတ်ယူခြင်းများ တားဆီးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့နယ်ရှိ လင်းနို့ဂူသို့သွားရောက်၍ လင်းနို့ဂူ ထိန်းသိမ်းကာကွယ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားသည့် ရသေ့ပုံဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂၆ ဧကနှင့် ကော့ဂွန်းဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေဧက ၁၁၀ ၏ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ရှိ မြို့ပြသစ်တော (Urban Forest) အနေဖြင့် တည်ထောင်ထားသော ဘားမဲတောင် သဘာဝဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်အတွင်းရှိ သစ်ပင်များ ထိန်းသိမ်းကာကွယ်ထားမှု၊ ဒေသခံ ပြည်သူများ သစ်တောသစ်ပင်၏ အကျိုးကျေးဇူးကို သိရှိပြီး မြို့ပြလူနေထိုင်မှုဘဝအတွက် အပန်းဖြေနိုင်သည့် နေရာအဖြစ် ဆောင်ရွက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တွန်းဇံမြို့၌ မြို့တွင်းသန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တွန်းဇံ နိုဝင်ဘာ ၁၃

ချင်းပြည်နယ် တွန်းဇံမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ မြို့တွင်းသန့်ရှင်း သာယာလှပရေးအတွက် နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီတွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် RC ဘုရားကျောင်းအနီး လမ်းမကြီးဘေး ကမ်းပါးနံရံနှင့် ခေါလိုင်ဂိုးဇန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းမကြီးဘေး ကမ်းပါးနံရံရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပြီး ယင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းမြေကျွံချိုင့်ခွက်နေရာနှင့် ခေါဝုန်လေးဆန်ရပ်ကွက် မူလွန်ကျောင်းအနီး လမ်းမကြီးမြေကျွံ ချိုင့်ခွက်နေရာများကို JCB နှစ်စီးဖြင့် မြေဖို့၊ မြေညှိခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ အတွင်းရေးမှူး ရဲမှူးမြစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအင်အား ၁၉၇ ဦးက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇိုဇွန်းပါလ်(ပြန်/ဆက်)**

»»» စာမျက်နှာ ၆ မှ

မြို့ပြနေပြည်သူများအတွက် ပြည်သူ့ဆေးရုံများတွင် ဆီးချိုသွေးချိုရောဂါ စစ်ဆေးခြင်း၊ ကုသခြင်းနှင့် ဆေးဝါးထောက်ပံ့ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆီးချိုသွေးချို ဝေဒနာရှင်များတွင် နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားခြင်း ရှိ၊ မရှိကို စောစီးစွာသိရှိနိုင်ရန်နှင့် ကာကွယ်ကုသနိုင်ရန်အတွက် ဆီးချိုသွေးချို ပညာပေးကုသမှုဆေးခန်းများကို မြို့ကြီးအချို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဖွင့်လှစ်၍ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့များက စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိပါသည်။

**ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့**

တစ်စတစ်စကြီးထွားလာသည့် ဆီးချိုသွေးချိုရောဂါ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့ပါသည်။ ဆီးချိုသွေးချိုရောဂါကုထုံးအသစ်တစ်ခုဖြစ်သည့် အင်ဆူလင်ဆေးကို ၁၉၂၂ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် ကနေဒါသမားတော်ကြီး ဆာဖရက်ဒီရစ်ဘင်(န်)တင်းကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ဖြစ်သည့် နိုဝင်ဘာလ ၁၄ ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းရေးနေ့(World Diabetes Day) အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ဆီးချိုရောဂါနှင့်နီးနွယ်သော နောက်ဆက်တွဲရောဂါများ၏ ဆိုးကျိုးသက်ရောက်မှုများ၊ ဆီးချိုနှင့် ပတ်သက်သော မှန်ကန်သည့် သတင်းအချက်အလက်များ လက်လှမ်းမီစေရေးနှင့် အချိန်မီကာကွယ်ကုသရေး စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်သူလူထုအတွင်း သေချာစွာ ရရှိစေရန်တို့ကို မီးမောင်းထိုးပြလို၍ ကျင်းပခြင်းဖြစ်ပါသည်။ နိုဝင်ဘာလ ၁၄ ရက်နေ့ ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနလက်အောက်ရှိ ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်၊ မြန်မာနိုင်ငံ ဆီးချိုနှင့် ဟော်မုန်းရောဂါပညာရှင်များအဖွဲ့(MSEM)တို့မှ ဦးဆောင်ကာ ဆီးချိုရောဂါ ပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ အားလုံးနှင့် လက်တွဲဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုံ့ဆော်ရေးဆောင်ပုဒ်မှာ **'Know your risk, Know your response'** ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် "ဆီးချိုသွေးချို အန္တရာယ်ကာကွယ်ဖို့၊ ကိုယ်တိုင်သိရှိ ဆင်ခြင်စို့"ဟု ဘာသာပြန်ဆိုထားပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ပုဒ်များသည် လူတိုင်း ဆီးချိုသွေးချို စောင့်ရှောက်မှုအခွင့်အလမ်း ရရှိရေး (Access to Diabetes care)အတွက် အဓိက ရည်မှန်းချက်ထားရှိပါသည်။ အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ်(IDF)၏ ရည်မှန်းချက်မှာ နိုဝင်ဘာလကို ဆီးချိုသွေးချိုရောဂါ သတိပြုစေရေးလ (Diabetes Awareness month)အဖြစ် သတ်မှတ်၍ ဆီးချိုသွေးချိုရောဂါဆိုင်ရာ လှုပ်ရှားမှုများကို ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့တွင် အလေးပေး၍ ပြုလုပ်ကြစေရေးဖြစ်ပါသည်။ လူတိုင်း ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေရှိသည်ကို သတိရှိရန် အရေးကြီးသည့်အတွက် ဆီးချိုသွေးချိုမဖြစ်စေရေးနှင့် ဆီးချိုသွေးချိုရှိပါကလည်း နောက်ဆက်တွဲရောဂါများ မဝင်ရောက်စေရေးတို့ကို ဦးတည်ချက်ထားရှိ၍ လှုပ်ရှားဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

**ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေ များသူများ**

- ❖ မိသားစုဝင်ထဲ၌ ဆီးချိုသွေးချိုရောဂါရှိခြင်း
- ❖ ကိုယ်အလေးချိန် များလွန်းခြင်း (အထူးသဖြင့် ဝမ်းတွင်းအဆီများလွန်းခြင်း)
- ❖ အသက် (၄၅) နှစ်အထက် ဖြစ်ခြင်း
- ❖ ကိုယ်ကာယလှုပ်ရှားမှုနည်းပါးသည့် လူ့ဘဝနေထိုင်မှုပုံစံများရှိခြင်း
- ❖ ယခင်က ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါရှိခဲ့ဖူးခြင်း
- ❖ ယခင်က ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်များရှိသည်ဟု စမ်းသပ်သတ်မှတ်ခံထားရခြင်း

**ဆီးချိုသွေးချိုရောဂါ စစ်ဆေးသည့်နည်းလမ်းများ**

အောက်ပါစစ်ဆေးချက် တစ်ခုခုတွေ့ရှိပါက ဆီးချိုသွေးချိုရောဂါရှိသည်ဟု သတ်မှတ်နိုင်သည်။

- ❖ Fasting Plasma Glucose (FPG) [ည(၁၀)နာရီ နောက်ပိုင်း ဘာမှမစားဘဲ နောက်တစ်နေ့ နံနက်စောစော စစ်သည့် သွေးချို] – ၁၂၆ မီလီဂရမ်/ဒက်ဆီလီတာနှင့် အထက်
- ❖ 2HPP after OGTT (၇၅ ဂရမ် ဂလူးကို့စ်သောက်ပြီး နှစ်နာရီအကြာတွင် စစ်သည့်သွေးချို) – ၂၀၀မီလီဂရမ်/ဒက်ဆီလီတာနှင့်အထက်
- ❖ HbA1C (၃ လပျမ်းမျှ သွေးချို) – ၆.၅ နှင့်အထက်

**ဆီးချိုသွေးချိုရောဂါကုသမှုနည်းလမ်းများ**

- ❖ အစာအာဟာရဖြင့်ကုသခြင်း
- ❖ ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်း
- ❖ သွေးတွင်း သကြားဓာတ်များ လျော့နည်းကျဆင်းစေသော ဆေးများဖြင့် ကုသခြင်း
- ❖ အင်ဆူလင် ဟော်မုန်းဓာတ်ဆေးထိုး၍ ကုသခြင်း

သင့်အနေနှင့်ဆီးချိုသွေးချိုကာကွယ်ရေးလှုပ်ရှားမှုများတွင် ပါဝင်လိုပါက ဆီးချိုသွေးချိုရောဂါ ရှိ၊ မရှိ နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများ၏ လမ်းညွှန်မှုခံယူ၍ ဆီးချို ရှိ၊ မရှိ စစ်ဆေးခြင်းတွင် ပါဝင်နိုင်ပါသည်။ သို့မှသာ သင့်လူ့အဖွဲ့အစည်း၏ ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှု အန္တရာယ်ကို လျှော့ချနိုင်ပေမည်။ သင့်ဆီးချိုသွေးချို အသိပညာဗဟုသုတ တိုးတက်စေရန် ကျန်းမာရေးဝန်ထမ်းများ၏ ပညာပေးဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်သင့်ပါသည်။ ကျန်းမာစေသော လူနေမှု အလေ့အကျင့်များကို လေ့လာမွေးမြူ ထိန်းသိမ်းခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် ယင်း၏ နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်အောင် အများအားဖြင့် ဟန့်တားကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ယခုလို မင်္ဂလာရှိလှပါသော ကမ္ဘာ့ဆီးချိုသွေးချို ထိန်းသိမ်းရေးအခါသမယတွင် ဌာနတိုင်း၊ မြို့နယ်တိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို စည်းရုံးကျင်းပကာ တက်ကြွစွာ အားလုံးပါဝင်နိုင်စေရေးအတွက် နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**


1. *Myanmar STEP survey (2014)*
2. *WHO key facts on NCD and Diabetes 2023*
3. *International Diabetes Federation: World Diabetes Day 2023*
4. *American Diabetes Association 2023*
5. *American Association of Clinical Endocrinology 2023*
6. *International Diabetes Federation ATLAS 2022*
7. *Gestational Diabetes Mellitus in Southeast Asia: A Scoping Review*

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လွိုင်ကော်ဒေသတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့ ရှမ်းမြောက်ဘက်ရယ်၊ လွိုင်ကော်ဘက်၊ ရခိုင်ပြည်နယ်ဘက်၊ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာတော့ တာမိုးညဲအရှေ့မြောက်ဘက်လောက်မှာ တိုက်ပွဲများဖြစ်ပွားခဲ့တာရှိပါတယ်။ သိန်းနီအခြေအနေကတော့ သိန်းနီမြို့မှာရှိနေတဲ့ဌာနချုပ်အနေနဲ့ သိန်းနီမြို့ထဲမှာ ပြန်လည်လုံခြုံမှုရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လွိုင်ကော်မှာတော့ ဒီမနက် ၈ နာရီလောက်က KNPP နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ စစ်ရေးနဲ့မသက်ဆိုင်တဲ့ လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ လာရောက်ပစ်ခတ်တာရှိတယ်။ ပြီးရင်အထဲမှာရှိနေတဲ့ ပညာရေးဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ဖို့လုပ်ခဲ့တာရှိတယ်။ ဒါတွေကိုတော့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တွေက တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ ဆရာ/ဆရာမတွေ ထိခိုက်မှုမရှိစေရေး ဘေးကင်းရာနေရာသို့ ပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိတယ်။ ဆောင်ရွက်လျက်ရှိတဲ့အခါမှာတော့ အပြန်အလှန်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ သောင်းကျန်းသူတွေဆီကနေ အလောင်းလက်နက်တွေ တော်တော်များများ ရလိုက်တယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ/ ဆရာမတွေကိုတော့ ကယ်ထုတ်နိုင်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီး ကျန်ရှိနေတဲ့လူတွေကိုလည်း ကယ်ထုတ်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိတယ်။ စစ်ရေးနဲ့မသက်ဆိုင်တဲ့ ကျောင်းကိုပစ်မှတ်ထားပြီး တိုက်ခိုက်လာတာ KNPP နဲ့ အဲဒီမှာရှိတဲ့ PDF တွေရဲ့ ယုတ်မာရိုင်းစိုင်းမှုဖြစ်တယ်လို့ပဲ ကျွန်တော်ပြောချင်တယ်။ ရခိုင်ဘက်မှာတော့ နယ်ခြားစောင့် ရဲကင်းစခန်းငယ်တစ်ခုဖြစ်တဲ့ ဒုံးပိုက်ရဲကင်းစခန်းကို မနက် ၅နာရီလောက်က AA အနေနဲ့ ဝင်ရောက်စီးနင်းတိုက်ခိုက်တာမျိုးဆောင်ရွက်ခဲ့တာရှိတယ်။ ကျွန်တော်တို့အနေနဲ့ ကြည်း၊ ရေ ပူးပေါင်းစစ်ဆင်ပြီး ချေမှုန်းလျက်ရှိတယ်။ စစ်ကိုင်းဘက်မှာတော့ ထီးချိုင့် မနေ့က ကျွန်တော်ပြောခဲ့တဲ့အခြေအနေက ထီးချိုင့်မြို့ကို ပြန်လည်ထိန်းသိမ်းနိုင်တဲ့အခြေအနေရှိတယ်။ ထီးချိုင့်အနီးတစ်ဝိုက်မှာတော့ ဆုတ်ခွာသွားတဲ့ KIA နဲ့ PDF ပူးပေါင်းအဖွဲ့တွေ ရှိနေနိုင်တယ်။ ဒါတွေကိုတော့ လိုက်လံချေမှုန်းလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ သောင်းကျန်းသူများအနေနဲ့ ဖျက်လိုဖျက်ဆီးလုပ်ရပ်တွေကို သူတို့နာမည်ခံနေတဲ့ ဒီမိုကရေစီအရေးဆိုတဲ့ဟာထက် ပြည်သူပိုင်ပစ္စည်း၊ နိုင်ငံပိုင်ပစ္စည်း၊ ပညာရေး၊ ကျန်းမာရေး ဒါတွေကိုပဲဖျက်လိုဖျက်ဆီးလုပ်နေတာဖြစ်တယ်။ ဒီလိုနေရာတွေမှာ ဝင်ရောက်နေရာယူပြီး စစ်ရေးအဆောက်အအုံအဖြစ် အသုံးချနေတာမျိုးတွေ ရှိတယ်။ စစ်ကိုင်းတိုင်းဘက်မှာလည်း အဲဒီလိုပါပဲ။ ပညာရေးအဆောက်အအုံတွေ၊ ကျန်းမာရေးအဆောက်အအုံကိုသိမ်းပိုက်ပြီး ကတုတ်ကျင်းတွေတူးတယ်။ ဘန်ကာတွေဆောက်တယ်။ ဒီအထဲမှာဝင်ရောက်ခိုအောင်းနေထိုင်တာမျိုးဖြစ်တယ်။ တပ်မတော်အနေနဲ့ ဒါတွေကိုတိုက်ခိုက်တဲ့နေရာမှာ ဆေးခန်းတွေ၊ စာသင်ကျောင်းတွေတိုက်ခိုက်တယ်ဆိုတဲ့ စွပ်စွဲချက်တွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက သိရှိထားဖို့လိုအပ်ပါတယ်။ လွိုင်ကော်မှာဖြစ်တဲ့ တက္ကသိုလ်ကို တိုက်ခိုက်မှုဆိုရင် ဘာမှစစ်ရေးပစ်မှတ်မသက်ဆိုင်တဲ့နေရာကို တိုက်ခိုက်တာမျိုးပဲဖြစ်တယ်။ ဒီလိုယုတ်မာရိုင်းစိုင်းတဲ့အကြံအစည်မျိုးရှိတဲ့ သောင်းကျန်းသူတွေကို ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းဆန့်ကျင်ပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်တယ်လို့ပဲပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများ ပေးပို့လှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင် ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ အန္တရာယ်ရန်စွယ်တွေကို ကျော်လွှားနိုင်ပါစေကြောင်း၊ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်သားများ ကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

သတင်းစဉ်







## ဓနုဖြူမြို့နယ်၌ ဆောင်းသီးနှံအာမခံ တောင်သူအသိပညာပေးဟောပြောပွဲ ကျင်းပ

ဓနုဖြူ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဆောင်းသီးနှံ အာမခံ တောင်သူအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

ဖြေကြား

အဆိုပါဆောင်းသီးနှံအာမခံတောင်သူအသိပညာပေး ဟောပြောရာတွင် ဓနုဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်နှင်းရွှေစင်နှင့် မအူပင်ခရိုင်မြန်မာ့အာမခံလုပ်ငန်းမှ ဒုတာဝန်ခံဒေါ်သန်းသန်းအေးတို့က ဆောင်းသီးနှံအာမခံလုပ်ငန်းဆိုင်ရာများကို ကဏ္ဍအလိုက် ဟောပြောပြီးတက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စုအသီးသီးမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ



## (၂၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၂၇) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူး ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားရုံ(နဝဒေး)၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၂၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းကို တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် နိုဝင်ဘာ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မိုင်းခတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ တာလေမြို့၊ တာချီလိတ်မြို့နယ်၊ မိုင်းဆက်မြို့နယ်၊ မိုင်းခုတ်မြို့နှင့် မိုင်းတုံမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် မာန်အောင်မြို့နယ်နှင့် ပြည်မြို့တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၃**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ မာန်အောင်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် မာန်အောင်မြို့ မာန်အောင်ခန်းမ၌ အခြေပြု၍ မာန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၃၉ ဦး၊ ခွဲစိတ်ရောဂါ ၈၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၆၉ ဦး၊ အရိုးရောဂါ ၁၄၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၂၃၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၁ ဦး စုစုပေါင်း ၁၂၂၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ လေးဦးကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ပြည်မြို့ နဝင်းရပ်ကွက် ဖောင်တော်ဦးဆိပ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၌ အခြေပြု၍ ပြည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၁၄ ဦး၊ အရိုးရောဂါ ၆၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅ ဦး စုစုပေါင်း ၃၈၆ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူ ၂၆၈ ဦး တို့ကို ကိုဗစ်-၁၉ ရောဂါ အားဖြည့်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ထိုသို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**ဒေါ်သန်းသန်းချစ်**
**ကုန်းတန်းကျေးရွာ မာန်အောင်မြို့**

မျက်စိမမြင်တာ နှစ်နှစ် သုံးနှစ် ရှိပါပြီ၊ မျက်စိနှစ်လုံးကအောင့်နေပါတယ်။ ပိုက်ဆံမရှိလို့မခွဲရပါဘူး။ အခုတပ်မတော်နယ်လှည့်ဆေးကု အဖွဲ့ရောက်လာတော့ ကျွန်မကို သင်္ဘောပေါ်မှာ မျက်စိခွဲပါတယ်။ သွားရေးလာရေးအဆင်ပြေအောင် အားလုံးလုပ်ပေးပါတယ်။ ကျွန်မကို




ဒေါ်သန်းသန်းချစ်




ဒေါ်မြင့်

မျက်စိကုပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ မျက်စိမြင်ရတဲ့အတွက် ဝမ်းသာပါတယ်။ အခုလို ကုသပေးတဲ့အတွက် တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်မြင့်**
**သဲဖြူကျေးရွာ ပြည်မြို့**

ကျွန်မ ဒူးနာနေတာကြာပါပြီ။ တောလုပ်တောကိုင်လုပ်ပါတယ်။ ဒူးနာနေတော့ အဆင်မပြေပါဘူး။ သွားလို့လာလို့ရအောင် တောင်ဝှေးလေးနဲ့သွားရလို့ လာရောက်ကုသတာပါ။ ဒီရောဂါဝေဒနာ အမြန်ပျောက်ချင်ပါတယ်။ ညတုန်းက ရွာကလူကြီးက လာအော်ပါတယ်။ ဆေးကုရေးအဖွဲ့တွေ လာလိမ့်မယ်။ သွားရောက်ပြသချင်တဲ့သူရှိရင် ပြသနိုင်တယ်၊ စာရင်းပေးပါဆိုလို့ စာရင်းပေးပြီး လာရောက်ကုသတာပါ။ ဒီရောဂါဖြစ်တာ နှစ်နှစ်လောက်ရှိပါပြီ နေလို့မကောင်း၊ ထလို့လည်း မကောင်းဖြစ်နေတာ၊ အခုမှ နည်းနည်းသက်သာတာပါ။ အရင်တုန်းကဆို တောင်ဝှေးနဲ့သွားရပါတယ်။ အလုပ်လုပ်ဖို့မပြောပါနဲ့ သွားရေးလာရေးတောင် အဆင်မပြေပါဘူး။ အပေါ်နဲ့အောက်နဲ့ ဆင်းလို့တောင် အဆင်မပြေပါဘူး။ ပျောက်ချင်ဇောနဲ့ လာရောက်ပြသတာပါ။ ဆရာ ဆရာမတွေ အကုန်တော်ပါတယ်။ ညွှန်ကြားမှုတွေလည်း ပေးပါတယ်။ ပြေလည်စွာ အားလုံးကိုလည်း ဆက်ဆံပေးပါတယ်။ ဒီလိုမျိုး ခက်ခက်ခဲခဲ မကုသနိုင်တဲ့သူတွေကို ကုသပေးနိုင်တာ၊ ခွဲမယ့်စိတ်မယ့်သူတွေကို ငွေရေးကြေးရေးအရ မခွဲနိုင်တဲ့သူတွေကို လာရောက်ခွဲစိတ်ကုသပေးတဲ့အတွက် အလွန့်အလွန်ကို ကျေးဇူးတင်ပါတယ်။ အခုဆို မခွဲနိုင်သူတွေခွဲနိုင်သွားပြီ၊ မကုသနိုင်တဲ့သူတွေ ကုနိုင်သွားပြီဖြစ်တဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# ဘရူနိုင်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များအား လေ့လာခြင်း

ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၂၂၆ မိုင် ကျယ်ဝန်းပြီး အရှေ့တောင်အာရှအတွင်း ဘော်နီယိုကျွန်း၏ မြောက်ဘက်ကမ်းရိုးတန်းတွင် တည်ရှိသည်။ ဘရူနိုင်းသည် ဘော်နီယိုကျွန်းပေါ်တွင် တစ်နိုင်ငံလုံးရှိသော တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး ကျန်ရှိသောကျွန်း၏နယ်မြေများကို မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ပိုင်ဆိုင်သည်။

ခန့်ဇော် (ကျေးလက်)

နိုင်ငံ၏အဓိကထွက်ကုန် ၉၅ ရာခိုင်နှုန်းမှာ ရေနံ၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့ဖြစ်ပြီး နိုင်ငံ၏ အဓိကဝင်ငွေကို ရေနံမှရရှိသည်။ အဓိကပို့ကုန်မှာလည်း ရေနံဖြစ်ပြီး သွင်းကုန်များမှာ စက်ပစ္စည်းနှင့် စားသောက်ကုန်များဖြစ်သည်။ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် GDP ၏ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၆၇၀၀၀ ခန့်မျှထုတ်လုပ်သဖြင့် အရှေ့တောင်အာရှတွင် စတုတ္ထမြောက်အကြီးဆုံးရေနံထုတ်လုပ်သူဖြစ်သည်။ ထို့ပြင် နေ့စဉ် ရေနံဓာတ်ငွေ့ရည် ၂၅ ဒသမ ၃ သန်းကုဗမီတာ ထုတ်လုပ်နိုင်သဖြင့် ကမ္ဘာပေါ်တွင် နဝမမြောက် အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် ကမ္ဘာ့စွမ်းအင်ဆိုင်ရာ BP Statistical Review သုံးသပ်ချက်အရ ဘရူနိုင်း၏အရန်ရေနံပမာဏသည် ၂၇ နှစ်အတွင်း ကုန်ခန်းသွားနိုင်ခြေရှိကြောင်း ခန့်မှန်းထားသည်။ နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ မဟုတ်သော ပို့ကုန်များ တင်ပို့မှုဈေးကွက်ဝေစုသည် ၂၀၁၉ ခုနှစ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၈ ဒသမ ၆ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးလာခဲ့သည်ကိုတွေ့ရသော်လည်း လက်ရှိအချိန်အထိမူ ဘရူနိုင်း၏ ဝင်ငွေများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အလွန်အမင်းမှီခိုနေရဆဲဖြစ်ပြီး ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ အတက်အကျ၊ ရေနံအရန်သိုလှောင်နိုင်မှု မှန်မှန်ကျဆင်းမှုတို့ကြောင့် စီးပွားရေးအခြေအနေတစ်ရပ်လုံးကို ထိခိုက်နိုင်ခြေရှိနေသည်ဟုဆိုသည်။

နိုင်ငံ၏ဝင်ငွေသည် ရေနံတင်ပို့မှုမှ အများစုရရှိခြင်းဖြစ်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများကဲ့သို့သော ဝင်ငွေမြင့်မားစေမည့်လုပ်ငန်းကဏ္ဍများကို ဦးတည်ပြောင်းလဲဖော်ဆောင်သင့်ကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးဆောင်ရွက်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ကုန်များတင်ပို့မှုနှင့် ဆက်စပ်သည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖက်စပ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်သင့်ကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်း ပညာရှင်များက အကြံပြုထားကြသည်ကို တွေ့ရသည်။

လက်ရှိတွင်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှရငွေဖြင့် ပြည်တွင်းထုတ်လုပ်မှုကို အားဖြည့်ပေးပြီး ထိုရင်းနှီးမြှုပ်နှံမှုအများစုကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ လက်တံတစ်ခုဖြစ်သော ဘရူနိုင်းရင်းနှီးမြှုပ်နှံမှုအေဂျင်စီက စီမံခန့်ခွဲလျက်ရှိသည်။ အစိုးရက ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ပြုလုပ်ပေးပြီး ဆန်နှင့်အိမ်ရာအတွက်လည်း ထောက်ပံ့ပေးသည်ကို တွေ့ရသည်။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏စာရင်းအရ GDP အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၈ ဘီလီယံခန့်ရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၂၈၉၅၄ ဒသမ ၀၇ ခန့် ရှိသည်ကိုတွေ့ရသည်။ အရှေ့တောင်အာရှ၏ ချမ်းသာသောနိုင်ငံများစာရင်းတွင် ပါဝင်သည့်အပြင် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စာရင်းဇယား၊ အချက်အလက်များ တိတိကျကျဖော်ပြထားသည်ကိုလည်း မတွေ့ရပေ။

၂၀၂၂ ခုနှစ်တွင် Heritage Foundation အညွှန်းကိန်းအရ အလုပ်လက်မဲ့နှုန်း ၈ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရပြီး ၂၀၂၃ ခုနှစ်တွင် တစ်ရက်ဝင်ငွေ ၂ ဒသမ ၁၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၂ ဒသမ ၇၅ ရာခိုင်နှုန်း၊ တစ်ရက်ဝင်ငွေ ၃ ဒသမ ၆၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၁၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ တစ်ရက်ဝင်ငွေ ၆ ဒသမ ၈၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၄၁ ဒသမ ၅၉ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရသည်။



ဘရူနိုင်းနိုင်ငံမြို့တော် ဘန်ဂါဆရီ ဘီဂါဝန်။

ဘရူနိုင်းနိုင်ငံအစိုးရသည် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းကို လက်ခံခဲ့ပြီး ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန အသီးသီး၊ အဖွဲ့အစည်းများပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးကွန်ရက် (National Welfare System-SKN)ကို လူမှုအကူအညီများအား ပြည်သူများ လက်လှမ်းမီစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အထိ SKN Website မှတစ်ဆင့် လျှောက်လွှာပေါင်း ၃၇၃၂၇ စောင် လက်ခံရရှိခဲ့ပြီး လိုအပ်နေသောသူများနှင့် အခက်အခဲကြုံနေရသူများ၏ ဘဝအရည်အသွေး မြှင့်တင်ပေးခြင်း၊ ငွေကြေးအကူအညီပေးခြင်းတို့အပြင် အစိုးရ၊ Community Development Department (JAPEM)နှင့် ဘရူနိုင်းအစ္စလာမ့်ဘာသာရေးကောင်စီ (Brunei Islamic Religious Council-MUIB)တို့ အပါအဝင် အခြားသော အေဂျင်စီများကလည်း အစားအစာနှင့် အမိုးအကာ စသည်တို့ကို လိုအပ်နေသူများအား ထောက်ပံ့ပေးနေကြောင်း တွေ့ရသည်။

## Zero Poverty 2035 Target

ဘရူနိုင်းနိုင်ငံသည် ဆင်းရဲသောနိုင်ငံမဟုတ်ပါ။ ဆင်းရဲမှုအပေါ် ဝင်ငွေဖြင့်တိုင်းတာခြင်းမဟုတ်ဘဲ ဘက်စုံပြီးပြည့်စုံစေရေး ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ထားပုံရသည်။ ဘရူနိုင်းနိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် လူနေမှုအဆင့်အတန်းအမြင့်မားဆုံးသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်လာနိုင်စေရန် မျှော်မှန်းချက်ထားရှိပြီး ၂၀၂၃ ခုနှစ်တွင် Zero Poverty 2035 Target ကို ချမှတ်ခဲ့သည်။ ယင်းသည် "Wawasan Brunei 2035" ဟုခေါ်ဆိုသည့် Brunei Vision 2035 နှင့် ချိတ်ဆက်မှုရှိသည်ကို တွေ့ရသည်။

## "Wawasan Brunei 2035" သို့မဟုတ် "Brunei Vision 2035"

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ (၅ နှစ်တာကာလတို)ချမှတ်၍ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ရာတွင် (၉) ကြိမ်မြောက် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၀၇-၂၀၁၂)သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် စတင်ဆောင်ရွက်ခဲ့သည့် ပထမဆုံး အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မှုအပိုင်းတွင် မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး "Wawasan Brunei 2035" သို့မဟုတ် "Brunei Vision 2035" ဟု လူသိများသည်။ ယင်းသည် အမြင့်ဆုံး နိုင်ငံတကာစံနှုန်းဖြင့် တိုင်းတာနိုင်သည့် ပညာတတ်နှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန်၊ ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်နိုင်မည့် လူနေမှုအဆင့်အတန်းမြင့်မားမှုမျိုး ရရှိစေရန်နှင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများအတွင်း တစ်ဦးချင်းဝင်ငွေဖြင့် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် စသည့် ပန်းတိုင် (၃) ရပ် ချမှတ်ဆောင်ရွက်ခဲ့ပြီး ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရန် အောက်ဖော်ပြပါမဟာဗျူဟာ (၈) ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်-

(၁) လူငယ်များအား အလုပ်အကိုင်နှင့် အောင်မြင်မှုများရရှိစေရန် ပျိုးထောင်ပေးမည့် ပညာရေးမဟာဗျူဟာ၊
(၂) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်းဖြင့် ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးမည့် စီးပွားရေးဗျူဟာ၊
(၃) ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်စွမ်းအားရှိသော စွမ်းရည်၊ ကာကွယ်ရေးနှင့် သံတမန်ရေးစွမ်းရည်တို့ဖြင့် ပြည့်စုံသည့်နိုင်ငံဖြစ်စေရန် နိုင်ငံရေးတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာကို ကာကွယ်မည့် လုံခြုံရေးမဟာဗျူဟာ၊
(၄) အစိုးရလုပ်ထုံးလုပ်နည်းများတွင် ဗျူရိုကရေစီ "ကြိုးနီစနစ်" အနည်းဆုံးပါဝင်စေမည့်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးတွင် အရည်အသွေးမြင့် ပြည်သူ့ဝန်ဆောင်မှုများ၊ ခေတ်မီပြီး လက်တွေ့ကျသည့် ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ကို တိုးမြှင့်ပေးမည့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၊
(၅) ဒေသတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် အခွင့်အလမ်းများ တိုးမြှင့်ပေးမည့်၊ ပြိုင်ဆိုင်နိုင်စွမ်းအားကို မြှင့်တင်ပေးခြင်းဖြင့် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများတွင် ဦးဆောင်မှုရရှိစေမည့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၊
(၆) ပညာရေး၊ ကျန်းမာရေးနှင့် စက်မှုလုပ်ငန်းများကို အထူးအလေးပေး၍ ကမ္ဘာ့အဆင့်မီ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်း၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းကို တွန်းအားပေးမည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊
(၇) နိုင်ငံတော် ကြီးပွားတိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတိုင်းအား သေချာစောင့်ရှောက်မှုပေးနိုင်စေမည့် လူမှုဖူလုံရေးမဟာဗျူဟာ၊
(၈) အမြင့်ဆုံးသော နိုင်ငံတကာကျင့်ထုံးများနှင့်အညီ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ပံ့ပိုးပေးမည့်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအသိုက်အဝန်းကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမဟာဗျူဟာ။

ဤမဟာဗျူဟာ (၈) ရပ်ကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းနှစ်ခုလုံး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး "Wawasan Brunei 2035" Supreme Council က ထုတ်ပြန်ခဲ့သည့် "Wawasan Brunei 2035" အစီရင်ခံ (၂၀၁၅-၂၀၂၂) တွင် ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅ ၏ အဓိကပန်းတိုင် (၃) ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို အားတက်ဖွယ်ရာ တွေ့မြင်ရသော်လည်း အမျိုးသားရေးရည်မှန်းချက်ကို အထောက်အပံ့ပြုစေမည့် အသွင်ကူးပြောင်းမှုနှင့် ထိထိရောက်ရောက် အကျိုးရှိစေရန် အားထုတ်ကြိုးပမ်းမှုတို့အပါအဝင် တိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လုပ်ဆောင်ရမည့်အရာများများစွာရှိနေသေးကြောင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရသည်။

Wawasan Brunei 2035 ၏ အမျိုးသားမျှော်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရာတွင် **စာမျက်နှာ ၁၁ သို့** ✡

## ဟသ်ာတမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ဟသ်ာတ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဒူးယားမြို့ တာကွေ့ကျေးရွာရှိ ကွင်းအမှတ် (၁၄၈၅)၊ ဦးပိုင် (၁၅၇/၄)၊ အဒါးကွင်းရှိ တောင်သူ ဦးစောထူးနေဆေး၏ မိုးစပါးစိုက်ခင်း ဧရိယာ ၇ ဒသမ ၀၉ ဧကတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။

ယင်းသို့ရိတ်သိမ်းရာတွင် ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဟသ်ာတမြို့ ကုန်းကြီးကျေးရွာရှိ စုစန္ဒာဆန်စက်တွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကျပ် ၈၆ ဘီလီယံဖြင့် မိုးစပါးသွင်းအားစုများ ရယူဆောင်ရွက်သည့် တောင်သူများထံမှ စပါးပြန်လည်ဝယ်ယူကောက်ခံထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့်အရာထမ်း မွမ်းမံသင်တန်းဖွင့်




နေပြည်တော် နိုဝင်ဘာ ၁၃

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့် အရာထမ်းမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် စီမံခန့်ခွဲမှု အရည်အသွေး ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အခွန်ဝန်ထမ်းများအနေဖြင့် သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာသတင်းစာရင်း စုဆောင်းသည့် လုပ်ငန်းအတွေ့အကြုံများ၊ အခွန်ကောက်ခံမှုနှင့် ဆက်စပ်နေသော သွင်းကုန်/ထုတ်ကုန် လုပ်ငန်းစဉ်မူဝါဒများ၊ အိမ်၊ ခြံ၊ မြေ ဝယ်ယူခြင်း/ရောင်းချခြင်းများအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်းဆိုင်ရာကိစ္စရပ်များကို စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ လေ့လာသင်ယူလိုစိတ်၊ တိုးတက်အောင်ကြိုးစားလိုစိတ်နှင့် မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအဖွဲ့အစည်း ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လိုစိတ်များဖြင့် အလေးအနက်ထား သင်ယူကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✡ စာမျက်နှာ ၁၀ မှ

ပါတီအားလုံး၏ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသည့်ကတိကဝတ်များသည် အရေးကြီးသည့်အခန်းကဏ္ဍမှ အထောက်အပံ့ပြုလျက်ရှိသည်ဟုဆိုသည်။

လေ့လာမှုများအရ လက်ရှိတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် အာရှရှိ လူနေမှုအဆင့်အတန်းအမြင့်ဆုံးနိုင်ငံများတွင်ပါဝင်ပြီး အာရှ၏တစ်ဦးချင်းဝင်ငွေအမြင့်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်သကဲ့သို့ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၏ ရည်မှန်းချက်အားလုံးနီးပါးကို ပြည့်မီလျက်ရှိကြောင်း တွေ့ရသည်။ ထို့အတူ ပညာရေးနှင့်ကျန်းမာရေးအဆင့်အတန်းသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုမှရရှိသည့် ဝင်ငွေများကို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လူမှုဖူလုံရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုကိုပါ ရရှိစေသည်ဟုဆိုသည်။

သို့ရာတွင် Wawasan Brunei 2035 နှင့် စပ်လျဉ်း၍ Universiti Brunei Darussalam မှ ပြည်သူ့ရေးရာမူဝါဒ ပါရဂူဘွဲ့ကျောင်းသားဖြစ်သူ Abdul Malik Omar ၏ လေ့လာချက်စာတမ်းတွင်မူ အစိုးရ၏ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ထိရောက်မှုနှင့် ပြည်သူ့ရေးရာမူဝါဒရလဒ်များ စသည်တို့၏ တိုးတက်မှုအခြေအနေမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသိသာသာ အကျိုးသက်ရောက်မှု ရှိ/မရှိ ပြောရန်စောလွန်းနေသေးကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် အလုပ်လက်မဲ့ပြဿနာနှင့် နိုင်ငံ၏ စီးပွားရေးတွင် ဝင်ငွေတစ်ခုတည်းအပေါ်သာ အဓိကမှီခိုနေရသောဖြစ်စဉ်အား ပြောင်းလဲဖော်ဆောင်နိုင်မှုမရှိသေးခြင်းတို့မှာ အဓိကရင်ဆိုင်နေရသည့်ပြဿနာ(၂)ရပ်ဖြစ်ကြောင်း ထောက်ပြထားပြီး ခိုင်လုံသည့် အထောက်အထားများကို အခြေပြု၍ ပြည်သူ့ရေးရာမူဝါဒချဉ်းကပ်မှုပုံစံ (Evidence Based Public Policy Approach) ဖြင့် သွားသင့်ကြောင်းနှင့် နိုင်ငံတော်အဆင့်တွင် အုပ်စုဖွဲ့ဆွေးနွေးညှိနှိုင်းမှုများလွန်းခြင်းသည်လည်း ဆန်းသစ်တီထွင်မှုကို အဟန့်အတားဖြစ်စေကြောင်း သုံးသပ်တင်ပြထားသည်။ အလုပ်လက်မဲ့ပြဿနာနှင့် စီးပွားရေးရာကဏ္ဍ ပြောင်းလဲဖော်ဆောင်နိုင်မှုမရှိခြင်းတို့ကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုပိုင်းအရ အဖြေရှာဆောင်ရွက်သွားသင့်ကြောင်း အကြံပြုထားသည်ကို တွေ့ရှိရသည်။

> **❛ နိုင်ငံ၏အဓိကထွက်ကုန် ၉၅ ရာခိုင်နှုန်းမှာ ရေနံ၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့ဖြစ်ပြီး နိုင်ငံ၏အဓိကဝင်ငွေကို ရေနံမှရရှိသည်။ အဓိကပို့ကုန်မှာလည်း ရေနံဖြစ်ပြီး သွင်းကုန်များမှာ စက်ပစ္စည်းနှင့် စားသောက်ကုန်များဖြစ်သည်။ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် GDP၏ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၆၇၀၀၀ ခန့်မျှ ထုတ်လုပ်သဖြင့် အရှေ့တောင်အာရှတွင် စတုတ္ထမြောက်အကြီးဆုံးရေနံထုတ်လုပ်သူဖြစ်သည်။ ထို့ပြင် နေ့စဉ် ရေနံဓာတ်ငွေ့ရည် ၂၅ ဒသမ ၃ သန်းကုဗမီတာထုတ်လုပ်နိုင်သဖြင့် ကမ္ဘာပေါ်တွင် နဝမမြောက်အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ် ❜**

ဘရူနိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအစီအစဉ်များတွင် လက်ရှိချို့ယွင်းချက်များကို လေ့လာဖော်ထုတ်၍ ရေရှည်စောင့်ရှောက်မှုနှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်များ ပါဝင်စေရန်၊ ထိခိုက်လွယ်အုပ်စုများအတွက် လုံလောက်သော ပံ့ပိုးမှုများပေးရန်၊ ပွင့်လင်းမြင်သာမှု၊ အုပ်ချုပ်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အရင်းအမြစ်များ စီမံခန့်ခွဲခြင်းတို့ကို မြှင့်တင်ပေးရန် ပြီးပြည့်စုံသောချဉ်းကပ်မှုနည်းလမ်းကို စဉ်းစားသင့်သည်။ စီးပွားရေးအရ အခြားဝင်ငွေရင်းမြစ်များကို ရှာဖွေခြင်းသည်လည်း ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများ ရေရှည်တည်တံ့စေရေးတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

အလုပ်လက်မဲ့ပြဿနာနှင့် ဆင်းရဲနွမ်းပါးမှုတို့မှာ ကြောင်းကျိုးဆက်စပ်လျက်ရှိသည့်အတွက် ဆင်းရဲမွဲတေမှုနှင့် ယင်း၏အရင်းခံအကြောင်းတရားများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိရန်လိုအပ်သည်ဖြစ်ရာ ဘရူနိုင်းနိုင်ငံအနေဖြင့် သုတေသနနှင့် မူဝါဒအပြောင်းအလဲများကို ဦးစားပေးလုပ်ဆောင်သင့်ပေသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးကွန်ရက်(National Welfare System-SKN)ကဲ့သို့သော ထိရောက်သောလူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုဘဝမြှင့်တင်ရန်နှင့် ပိုမိုမျှတသောလူ့အဖွဲ့အစည်းကို တည်ထောင်ရာတွင် သိသာထင်ရှားသော ခြေလှမ်းသစ်များ စတင်နိုင်မည်ဖြစ်ပါသည်။ စာရေးသူအနေဖြင့်မူ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များ၊ စစ်တမ်းများ ပြုစုထားရှိမှု၊ ချဉ်းကပ်လေ့လာမှုအားနည်းခြင်းသည် သင့်လျော်သည့် မူဝါဒနှင့် ချဉ်းကပ်မှုနည်းလမ်းများ ချမှတ်နိုင်ရန် အဟန့်အတားဖြစ်စေသည်ဟု ရှုမြင်မိပါသည်။

ဆင်းရဲမှုနှင့်ပတ်သက်၍ အများဆုံးအသုံးပြုသော ချဉ်းကပ်သည့်နည်းလမ်း (၃) ခုမှာ

(က) ဝင်ငွေ၊

(ခ) အခြေခံလိုအပ်ချက်များနှင့်

(ဂ) စွမ်းဆောင်ရည်တို့အပေါ် တိုင်းတာသုံးသပ်ခြင်းနည်းလမ်းများဖြစ်ပြီး ဝင်ငွေအပေါ် အခြေပြုသုံးသပ်ခြင်းနည်းလမ်းက ဆင်းရဲမှုကို ဝင်ငွေမရှိခြင်းဖြင့်လည်းကောင်း၊ အခြေခံလိုအပ်ချက်များအပေါ် သုံးသပ်ခြင်းနည်းလမ်းက အခြေခံလိုအပ်ချက်များ (သို့) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ မပြည့်စုံခြင်းဖြင့်လည်းကောင်း၊ စွမ်းဆောင်ရည်အပေါ် သုံးသပ်ခြင်းနည်းလမ်းက စွမ်းဆောင်ရည်ပြည့်မီမှု ရှိ/မရှိဖြင့်လည်းကောင်း တိုင်းတာသတ်မှတ်ကြသည်ကို တွေ့ရသည်။ လေ့လာမှုများအရ စွမ်းဆောင်ရည်အပေါ် တိုင်းတာသုံးသပ်ခြင်း နည်းလမ်းသည် ဆင်းရဲမှုဆိုင်ရာ ဝိသေသလက္ခဏာများကို ပြည့်စုံစွာဖော်ညွှန်းနိုင်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုပြယုဂ်နှင့် အခိုင်အမာချိတ်ဆက်နိုင်သည့်အတွက် ဆင်းရဲမှုကို ချဉ်းကပ်လေ့လာရန် အသင့်လျော်ဆုံး နည်းလမ်းတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ စာရေးသူ၏အမြင်အရမူ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေ၊ လူမှုဘဝအခြေခံလိုအပ်ချက်များနှင့် စွမ်းဆောင်ရည် (၃)ရပ်လုံးနှင့် ဆက်စပ်နေသည့်အတွက် နည်းလမ်း (၃)ခုလုံးကို တစ်ပြိုင်တည်းဆောင်ရွက်သင့်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။

မည်သို့ဆိုစေ ဘရူနိုင်းနိုင်ငံသည် Wawasan Brunei 2035 ကို အကောင်အထည်ဖော်နေပြီး အပြုသဘောဆောင်သော ပြောင်းလဲမှုများစတင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန်၊ လူမှုကာကွယ်မှုမြှင့်တင်ရန်နှင့် ပိုမိုတောက်ပသောအနာဂတ်ကို ဖန်တီးရန်အတွက်မူ ဘရူနိုင်းနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် စိန်ခေါ်မှုများကို အတူတကွကျော်လွှားမှသာလျှင် ပိုမိုကောင်းမွန်၍ သာယာဝပြောသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://amro-asia.org/weaning-brunei-off-oil/
- https://tradingeconomics.com/brunei/gdp
- Knowledge to Policy: Understanding Poverty to Create Policies that Facilitate Zero Poverty in Brunei Darussalam written by Blessing Gweshengwe and Noor Hasharina Hassan, Universiti Brunei Darussalam (https://fass.ubd.edu.bn/SEA/vol19/SEA-v19-Gweshengwe-NoorHasharina.pdf )
- A pioneering study on measuring poverty in the hydrocarbon-rich state of Brunei Darussalam (https://www.tandfonline.com/doi/full/10.1080/17441730.2023.2240108 )
- https://borneobulletin.com.bn/skn-aims-to-improve-quality-of-life-ministry/
- http://www.bruneiembassy.org/brunei-vision-2035.html (Source: Brunei Economic Development Board)
- https://borneobulletin.com.bn/overview-of-progress-achievements-in-support-of-brunei-vision-2035/
- The Whole-of-Nation Approach: The Case of Brunei Darussalam, Wawasan 2035, and the 4th Industrial Revolution (https://www.researchgate.net/publication/345209408)

# ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး

ဒိုက်ဦး နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၃-၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း အထွက်ကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဘက်စုံကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း အထွက်ကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကောက်စိုက်လုပ်သားရှားပါးမှုနှင့်



ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဒေသခံတောင်သူများအား လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံကို Video Clip ဖြင့် ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာအုပ်စု၌ မိုးစပါး စံပြစိုက်ခင်း တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာစနစ်တကျ သုံးစွဲနိုင်ရေး အသိပညာပေးပြောကြားသည်။ နွေစပါးစိုက်ပျိုးချိန်အမီ တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို သရုပ်ပြရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတောင်သူများအတွက် မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ရက်(၉၀)နှင့် ဆင်းသုခ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ မိုးစပါးရိတ်သိမ်းမှုတွင် တစ်ဧကလျှင် အစို ၁၄၂ ဒသမ ၈၉ တင်း၊ အခြောက် ၁၂၈ ဒသမ ၇၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာမှ တောင်သူ ဦးမိုးကျော်၏ ဒေသန္တားကောင်ရေ ၅၀ မွေးမြူရေးခြံနှင့် အိမ်ခြေလေးဆယ်ကျေးရွာမှ တောင်သူဦးတင်ထွဋ်မြင့်၏ ဒေသကြက်ကောင်ရေ ၁၀၀၀ မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး တိရစ္ဆာန်အာဟာရမှုန့်များ ထောက်ပံ့ပေးအပ်ကာ ခြံလှောင်မွေးမြူရေးစနစ်များဖြင့် တိုးချဲ့ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာနေဗီယာမြက်မျိုးများ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် မအူတန်းကျေးရွာအုပ်စု အေးသုခကျေးရွာရှိ လုပ်ငန်းရှင် ဦးဝင်းမြင့်၏ စွန့်ပစ်ပစ္စည်းစပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ဖြင့် တစ်ရှူးစက္ကူထုတ်လုပ်သည့်စက်ရုံနှင့် ဦးဇော်မင်းဦး၏ ကတ်ထူစက္ကူ ထုတ်လုပ်သည့် စက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်၍ ထပ်မံအဆင့်မြှင့်တင်ကာ ကုန်ချောပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရန် ချေးငွေရရှိရေးနှင့် နည်းပညာရရှိရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူငယ်ရေးရာ




### မိုးနဲမြို့နယ် နောင်ကျော့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

မိုးနဲ နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် လူငယ်စကားဝိုင်းကို နောင်ကျော့ရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲ ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်း ကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ လူငယ်နှင့်ပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်တန်ဖိုး၊ လူငယ်နှင့်စိတ်ထားအလှ ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ချိတ်ဆွဲပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မျိုးညွန့်ရွှေ**

### မော်လမြိုင်မြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

မော်လမြိုင် နိုဝင်ဘာ ၁၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၄)နှင့် သုခဝတီအခြေခံပညာကျောင်းများ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် သုခဝတီ အခြေခံပညာအထက်တန်းနှင့် အထက်တန်းကျောင်းခွဲ အလက(၄)မှ ဆရာမများက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာနှင့် ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်တို့က လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

### နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

သထုံ နိုဝင်ဘာ ၁၃

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း



တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ကို နိုဝင်ဘာ ၁၁ ရက်က နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ရည်မှန်းချက်ကိုယ်စီထားရှိရေး၊ ယဉ်ကျေးသိမ်မွေ့သောလူငယ်များ ဖြစ်လာရေး၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်စေရေး၊ အချိန်ကိုစီမံခန့်ခွဲတတ်သူများဖြစ်စေရေး၊ စာဖတ်ခြင်းဖြင့် အသိပညာမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးကာ လူငယ်တို့၏ အနာဂတ်ဘဝ ပိုမိုမြင့်မားလာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်သည့် လူငယ်များ ဖြစ်လာစေရေး စသည့်လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### လှည်းကူးမြို့နယ် အထက(မင်းကုန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

လှည်းကူး နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယနေ့တွင် အထက(မင်းကုန်း)ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(မင်းကုန်း)မှ အထက်တန်းပြဆရာမ ဒေါ်သိမ့်အေးချစ်တို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသည့် လူငယ်လူရွယ်များ အသိပညာ ဗဟုသုတ ရရှိစေရန် သုတ၊ ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြန်လည်စတင်ခဲ့ပြီးနောက် အီရန်နှင့် ဆော်ဒီအာရေဗျခေါင်းဆောင်များ ပထမဆုံးအကြိမ်တွေ့ဆုံ

**တီဟီရန် နိုဝင်ဘာ ၁၃**

အရှေ့အလယ်ပိုင်းဒေသ၏ ဒေသတွင်းအင်အားကြီးနိုင်ငံများဖြစ်သည့် အီရန်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ ခေါင်းဆောင်နှစ်ဦးတို့သည် ယခုနှစ်အစောပိုင်းတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်ခဲ့ပြီးနောက် ပထမဆုံး အကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အီရန်နိုင်ငံ သမ္မတ အီဘရာဟင်ရိုင်စီသည် နိုဝင်ဘာ ၁၁ ရက်က ရီယာ့ဒ်၌ ပြုလုပ်သည့် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အာရပ်အဖွဲ့ချုပ်၏ ပူးတွဲအစည်းအဝေးပြင်ပတွင် ဆော်ဒီအာရေဗျမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ သမ္မတရုံးက ပြောကြားသည်။

အီရန်နိုင်ငံ သမ္မတ အီဘရာဟင်ရိုင်စီနှင့် ဆော်ဒီအာရေဗျမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့သည် ဂါဇာကမ်းမြောင်ဒေသအရေးအပါအဝင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးနှင့် ဒေသတွင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် ဒေသတွင်း ခေါင်းဆောင်မှုတွင် ပြိုင်ဘက်နိုင်ငံများဖြစ်ပြီး သံတမန်ဆက်ဆံရေး ခုနစ်နှစ်ကြာ ရပ်ဆိုင်းထားခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ကြားဝင်စေ့စပ်မှုဖြင့် ယခုနှစ် မတ်လတွင် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံ သံရုံးများကိုလည်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**





# ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများကို ချေးငွေထောက်ပံ့မည်

**ဖနောင်ပင် နိုဝင်ဘာ ၁၃**

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီရမ်ယိပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများကို အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးငွေထုတ်ပေးမည့် အစီအစဉ်ကို ဝန်ကြီးချုပ် ဟွန်မာနက်က နိုဝင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့သည်။

“ကမ္ဘောဒီးယားနိုင်ငံပိုင် အသေးစားနှင့် အလတ်စားစီးပွားရေးဘဏ်သည် ဆီရမ်ယိပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများအား ကနဦးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ထုတ်ပေးမည်”ဟု ဖနောင်ပင်တွင် ကျင်းပသည့် (၁၉) ကြိမ်မြောက် အစိုးရ–ပုဂ္ဂလိကကဏ္ဍ ဖိုရမ်တွင် ၎င်းကပြောကြားခဲ့သည်။ ခရီးသွားလုပ်ငန်းများသည် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဆီရမ်ယိပြည်နယ်တွင် ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်လာစေရေး မဟာဗျူဟာများ ချမှတ်ရန် လိုအပ်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဆီရမ်ယိပြည်နယ်တွင် ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရန် “Visit Siem Reap 2024” အထူးလှုပ်ရှားမှုကို စတင်လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဆီရမ်ယိပြည်နယ်သည် ယူနက်စကိုမှ စာရင်းသွင်းထားသော အမွေအနှစ်များဖြစ်သည့် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတည်ရှိရာနေရာဖြစ်ပြီး နိုင်ငံ၏အကျော်ကြားဆုံး ခရီးသွားနေရာလည်းဖြစ်သည်။ ၄၀၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော ၎င်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ယခုနှစ် ပထမဆယ်လအတွင်း နိုင်ငံခြားသားဧည့်သည် ၆၀၂၅၇၀ လာရောက်မှု မှတ်တမ်းဝင်ခဲ့ပြီး ခရီးသွားလာမှု ၂၅၆ ရာခိုင်နှုန်းတိုးလာကာ ဝင်ခွင့်လက်မှတ်ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈ သန်းနီးပါး ရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံက ဗီယက်နမ်နိုင်ငံနှင့် ဂျီဘူတီနိုင်ငံတို့ကို ကာကွယ်ရေးပစ္စည်းများထောက်ပံ့ရန် စီစဉ်နေ

**တိုကျို နိုဝင်ဘာ ၁၃**

ဂျပန်နိုင်ငံအစိုးရက လုံခြုံရေး အထောက်အပံ့ မူဘောင်သစ်အရ ဗီယက်နမ်နိုင်ငံနှင့် ဂျီဘူတီနိုင်ငံတို့ကို ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဗီယက်နမ်နိုင်ငံနှင့် ဂျီဘူတီနိုင်ငံတို့သည် လာမည့်နှစ်ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်အတွင်း တရားဝင်လုံခြုံရေးအထောက်အပံ့ရရှိရန် အဆိုပြုထားသော နိုင်ငံများဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တရားဝင်လုံခြုံရေး အထောက်အပံ့မူဘောင်သည် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ လေးလေးနက်နက် လုပ်ဆောင်နိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ် ဂျပန်နိုင်ငံနှင့် သဘောထားတူညီသည့် နိုင်ငံများအား ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမူဘောင်အောက်တွင် ဂျပန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ စောင့်ကြည့်ရေး ရေဒါစနစ်များ ထောက်ပံ့မည်ဖြစ်ကြောင်း၊ ၎င်းကိစ္စကို ဂျပန်နှင့် ဖိလစ်ပိုင်တို့သည် ယခုလအစောပိုင်းတွင် ကျင်းပသည့် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် အထောက်အပံ့ပေးမည့် ကာကွယ်ရေးပစ္စည်း အမျိုးအစားများနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ၊ ဂျီဘူတီနိုင်ငံတို့နှင့် သီးခြားညှိနှိုင်းဆွေးနွေးရန် စီစဉ်ထားကြောင်း ဂျပန်နိုင်ငံအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။




**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# တရုတ်နိုင်ငံ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုဆောင်ရွက်

**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ် တပ်ဖွဲ့များပါဝင်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုအား တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် Zhanjiang တွင် နိုဝင်ဘာ ၁၃ ရက်က စတင်ခဲ့သည်။

“Peace and Friendship–2023” ဟု အမည်ပေးထားသည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ အကာအကွယ်ပေးရေးတို့ကို အဓိကထား လေ့ကျင့်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် တပ်ဖွဲ့များ၏ မြို့ပြအကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရေကြောင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြမှုတိုက်ဖျက်ရေး စွမ်းရည်များကို မြှင့်တင်ရန်နှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ပူးတွဲကာကွယ်ရန်အတွက် စစ်ရေးအရ အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုစစ်ရေးလေ့ကျင့်ခန်းကို တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံအများအပြား စံချိန်တင်ပါဝင်ခဲ့ကြသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံအများအပြား၌ လုပ်ငန်းများရပ်ဆိုင်း

**ဂျေရုဆလင် နိုဝင်ဘာ ၁၃**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဆေးရုံများတွင် အစ္စရေးတို့၏တိုက်ခိုက်မှုများကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ပြီး ဆေးရုံများအတွင်းရှိ မီးစက်များ မောင်းနှင်ရန်အတွက်ပင်လောင်စာဆီပြတ်တောက်မှုများဖြစ်ခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရှပ်ဖ်အယ်လ်ကွီဒရာက ပြောကြားသည်။

လက်ရှိအချိန်တွင် ဆေးရုံအနည်းငယ်သာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကန့်အသတ်ဖြင့် ဆောင်ရွက်နေပြီး ဒေသအတွင်းရှိ အယ်ရှီဖာဆေးရုံတွင် မီးစက်လောင်စာဆီ ပြတ်တောက်မှုကြောင့် မွေးကင်းစကလေး ငါးဦးနှင့် အခြားလူနာ ခုနစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် အချိန်မီမကုသနိုင်ပါက ကျောက်ကပ်ရောဂါရှင်များ သေဆုံးမည့်အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပါလက်စတိုင်း လခြမ်းနီအသင်း (PRCS) က ဂါဇာဒေသရှိ Al–Quds ဆေးရုံသည် လောင်စာပြတ်တောက်မှုနှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

PRCS မှ ဆေးအဖွဲ့များသည် ဆိုးရွားလှသော လူသားချင်းစာနာထောက်ထားမှု အခြေအနေများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ၊ အစာနှင့် ရေများ ပြတ်လပ်မှုများကြားတွင် ဆေးဘက်ဆိုင်ရာအဖွဲ့များအား ပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းနေကြောင်း ၎င်းအဖွဲ့က ထပ်လောင်း ပြောကြားခဲ့သည်။




**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





ထီးချိုင့်မြို့အတွင်းရှိ စာသင်ကျောင်းများ၊ လူနေအိမ်များအကြား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းများအား အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အား နိုဝင်ဘာ ၉ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်။

## ပြန်လည်ထိန်းချုပ်ထား

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter–Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ထီးချိုင့်မြို့အား နိုဝင်ဘာ ၁၂ ရက်တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ထီးချိုင့်မြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များတွင် သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် အကြမ်းဖက်သမားများသည် ထီးချိုင့်မြို့အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

စာမျက်နှာ ၁၅ သို့ »»»















KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထီးချိုင့်မြို့ရှိ လူနေအဆောက်အအုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများအား တွေ့မြင်ရစဉ်။







KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူနေအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများတွင် ဘန်ကာများ ဆောက်လုပ်ထားရှိမှုများအား တွေ့မြင်ရစဉ်။

# KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၃

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းလာမှုကို နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရလျှင်ရချင်း တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး၊ ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဘေးကင်းရာနေရာများသို့ ပို့ဆောင်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်အဖွဲ့များနှင့် အပြန်အလှန် ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရ ရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် အတွင်း၌လည်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရရှိစေလိုသော ယုတ်မာရက်စက်သည့်ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်သည့် ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းခဲ့မှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သောလုပ်ရပ်ဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် တက္ကသိုလ်အတွင်းရှိ ပညာရေးဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ရကာ အကြမ်းဖက်အဖွဲ့များ၏ အလောင်း၊ လက်နက်အချို့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် တက္ကသိုလ်အနီးတစ်ဝိုက်တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထို့ပြင် ယနေ့တွင် စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရသဖြင့် ကျောင်းသား ကျောင်းသူများအတွက် များစွာ ထိခိုက်နစ်နာခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်မှုများအပေါ် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးအတွက် လိုအပ်သည်များ တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ ဒေသ အေးချမ်းသာယာစေရေး၊ ပြည်သူလူထု ထိခိုက်နစ်နာမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မြို့သစ်ရပ်ကွက်နေ ရဲထွဋ်အား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ “သားသား” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကသဲကျေးရွာနေ သဥ္ဇာဦး(ခ)မီးမီးအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “@zinwar” TikTok အကောင့်နှင့် “Koe Koe May” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဇင်ဝါနုအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Wai Yan Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၅)ရပ်ကွက်နေ ဝေယံထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Sandi Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဈေးချိုကျေးရွာနေ သင်းစန္ဒီအား ညနေ ၅ နာရီ မိနစ် ၅၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

››› **စာမျက်နှာ ၁၄ မှ**

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် လူနေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများအား အကာအကွယ်ပြု၍ ဘန်ကာများဆောက်လုပ်တိုက်ခိုက်ခဲ့ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မြို့တွင်းရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### စီမံဆောင်ရွက်လျက်ရှိ

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထီးချိုင့်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများ စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ရုပ်အလောင်းများအား တွေ့မြင်ရစဉ်။

# တစ်နိုင်တစ်ပိုင် စီးပွားဖြစ်ဆောင်ရွက်နေသည့် စူပါဝမ်းနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း

**ဖြိုးလေး၊ ငုရွှေဝါ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်၏ စီးပွားရေးဦးတည်ချက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူသည့်အချက်များ ပါဝင်ပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ အားပေးမှုကြောင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအသီးသီးတွင် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ရှိ "စူပါဝမ်း" နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည်လည်း အထိုက်အလျောက် အောင်မြင်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မိသားစု စားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးအဖြစ် စတင်လုပ်ကိုင်ခဲ့ရာမှ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သော ယင်းလုပ်ငန်းတွင် နွားနို့အစိမ်းမှတစ်ဆင့် အသင့်သောက်သုံးရန် နွားနို့၊ မလိုင်၊ နို့ချဉ်(ဒိန်ချဉ်)နှင့် ထောပတ်ပြုလုပ်ခြင်း၊ နို့ဆီချက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



စူပါဝမ်း နွားမွေးမြူခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး မေထုန်မဲ့သားစပ်နည်းဖြင့် ပေါက်ပွားလာသော နွားများ၊ စစ်ကိုင်းနှင့် မန္တလေးမြို့များမှ နွားမျိုးကောင်းမျိုးသန့်များ ဝယ်ယူဆောင်ရွက်ခဲ့ကြောင်း၊ မျိုးကောင်းမျိုးသန့်နွားများ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းရှင် ဦးစိုးငြိမ်းက ရှင်းပြသည်။

## ရာသီမရွေးကျွေးနိုင်အောင် အစာစိမ်းကို ထုတ်လုပ်လျက်ရှိ

လက်ရှိတွင် နွားများကို တိုးချဲ့မွေးမြူလျက်ရှိပြီး နို့စားနွားမတစ်ကောင်၏ နို့ထွက်နှုန်းမှာ သုံးပိဿာမှ ၁၃ ပိဿာအထိ ရရှိနိုင်ကြောင်း သိရသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့ညှစ်၍ နို့ရရှိပြီး နွားမတစ်ကောင်အနေဖြင့် သက်တမ်းပြည့် ၁၈ လမှ သားစပ်နိုင်သည့် သုံးနှစ်တွင် နွားများပေါက်ပွားပြီးသည်နှင့် နွားနို့စတင်ထုတ်လုပ်၍ရကြောင်း သိရသည်။ မျိုးမြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဖြစ်၍ ရာသီဥတု၊ ရောဂါဒဏ် စသည်တို့ကို ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ပြီး အစာအာဟာရအနေဖြင့် ဖွဲနု၊ ဆန်ကွဲ၊ ပြောင်း၊ ကောက်ရိုး၊ မြက် စသည်တို့အပြင် ပဲဖတ်၊ နှမ်းဖတ်၊ ကုလားပဲ(အဖြုန်း)တို့ကို စနစ်တကျကျွေး၍ မွေးမြူလျက်ရှိကြောင်း ပိုင်ရှင်က ဆက်လက်ရှင်းပြသည်။ ထို့အပြင် နေပီယာမြက်၊ ပြောင်း အစရှိသည်များကို မြေတစ်ဧကတွင် စိုက်ပျိုးထားကာ ရာသီမရွေးကျွေးနိုင်အောင် အစာစိမ်းကို ထုတ်လုပ်လျက်ရှိကြောင်းလည်း သိရသည်။

စူပါဝမ်းအနေဖြင့် မြစ်ကြီးနားမြို့တွင် နို့စားနွားနှင့် အသားစားနွား စုစုပေါင်း ကောင်ရေ ၁၀၀ နီးပါး မွေးမြူနိုင်ပြီဖြစ်ကြောင်း၊ နို့စားနွားများမှ နို့ထွက်ပစ္စည်းများထုတ်လုပ်ရာတွင် မိမိခြံမှထွက်ရှိသော နွားနို့များကိုသာ ထုတ်လုပ်ရောင်းချကြောင်း၊ တစ်ရက်ပျမ်းမျှ နွားကောင်ရေ ၃၀ မှ နွားနို့ပိဿာ ၁၀၀ ခန့်ရရှိပြီး ထိုနွားနို့မှတစ်ဆင့် နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

စူပါဝမ်းနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းရောင်းဝယ်ရေးမှ ထုတ်လုပ်သော နို့နှင့် နို့ထွက်ပစ္စည်းများမှာ နို့၊ နို့ဆီ၊ ဒိန်ချဉ်၊ နို့ခဲတို့ဖြစ်သည်။ ဒိန်ချဉ်တစ်ဘူးလျှင် ထုတ်လုပ်မှုကုန်ကျစရိတ်ငွေကျပ် ၈၅၀ ခန့် ကုန်ကျပြီး ပြန်လည်ရောင်းချသူများသို့ ငွေကျပ် ၉၀၀ နှုန်းဖြင့် ရောင်းချပေးရာ တစ်ဘူးလျှင် အမြတ်ငွေကျပ် ၅၀ ကျပ်ခန့်သာ ရရှိသော်လည်း မိမိခြံမှထွက်ရှိသောနို့ကို ထုတ်ကုန်အဖြစ် ပြုလုပ်ရောင်းချခြင်းဖြစ်သည့်အတွက် အမြတ်အစွန်းအနည်းငယ်သာ ရယူခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် တစ်ရက်လျှင် နို့ချဉ်ဘူး ၅၀၀ မှ ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်း၊ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သော်လည်း ပြင်ပအလုပ်သမား ၁၀ ဦးခန့်ကို နေ့စဉ်အလုပ်ပေးနိုင်ကြောင်း သိရသည်။ အလုပ်သမားများကို တစ်လလျှင် အနိမ့်ဆုံးလစာငွေကျပ် ၁၅၀၀၀၀ မှ အမြင့်ဆုံးကျပ် ၃၀၀၀၀၀ အထိ ပေးလျက်ရှိသည်။ ရောင်းချရမှုအနေဖြင့် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားမြို့မှ အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ အထူးသဖြင့် ဖားကန့်၊ တနိုင်း၊ နန့်ယား စသည့်မြို့များမှ အများဆုံးရောင်းချရကြောင်း သိရသည်။

နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ကချင်ပြည်နယ်အတွင်း ထုတ်ချေးပေးရာတွင် စူပါဝမ်းနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းရောင်းဝယ်ရေးအသင်း လီမိတက်အနေဖြင့် ချေးငွေကျပ်သိန်း ၅၀၀ ကို ရယူခဲ့ပြီးနောက် လုပ်ငန်းတိုးချဲ့မှုများဆောင်ရွက်ခဲ့ရာ ဒိန်ချဉ်လုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်သည့် ပါဝင်ပစ္စည်းများကို ဝယ်ယူခြင်း၊ ထောပတ်ထုတ်လုပ်နိုင်သည့်စက်ကို ဝယ်ယူနိုင်ခြင်းနှင့် နို့စားနွားများ၏အစာများကိုလည်း ဝယ်ယူစုဆောင်းထားနိုင်ခြင်းတို့ကြောင့် လုပ်ငန်း အဆက်မပြတ် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခင်က လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် နွားကောင်ရေလျှော့၍ ဆောင်ရွက်ရမည့် အခြေအနေမှ ယခုကဲ့သို့ နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့သည့်အတွက် လုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရန် ပိုမိုအားဖြည့်ဆောင်ရွက်လာနိုင်သဖြင့် တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း လုပ်ငန်းရှင်က ပြောသည်။

အဆိုပါ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှာ ဝါသနာကိုအခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အခြားနွားမွေးသူများနှင့်ပေါင်းစပ်ကာ နည်းစနစ်များ ဖြန့်ဝေခြင်း၊ ဖလှယ်ခြင်းများ ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း၊ မြစ်ကြီးနားမြို့တွင် နွားမွေးမြူသူများ စုဖွဲ့ပြီး ဒေသနှင့်ကိုက်ညီသော နို့စားနွားများကို ပိုမိုမွေးမြူလုပ်ကိုင်ခြင်းဖြင့် အခြားဒေသမှဝယ်ယူရခြင်းကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် မိမိတို့ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းလည်း လုပ်ငန်းရှင်က ရှင်းပြသည်။

## အာဟာရတန်ဖိုးမြင့်မားသော နို့နှင့် နို့ထွက်ပစ္စည်းများ

လူသားတို့၏ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်မြင့်မားတိုးတက်ရေးတို့အတွက် အာဟာရတန်ဖိုးမြင့်မားသော နို့နှင့် နို့ထွက်ပစ္စည်းများကို ပိုမိုစားသုံးလာကြသဖြင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းကဏ္ဍသည်လည်း နိုင်ငံဖွံ့ဖြိုးရေးတွင် အရေးပါသည့်အခန်းမှ ပါဝင်လာလျက်ရှိရာ ခေတ်မီနည်းပညာများဖြင့် အရည်အသွေးကောင်းမွန်သော နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် မြစ်ကြီးနားမြို့မှ စူပါဝမ်းနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> **"စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအသီးသီးတွင် ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ရှိ "စူပါဝမ်း" နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည်လည်း အထိုက်အလျောက်အောင်မြင်လျက်ရှိသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင်နွားမွေးမြူရေးအဖြစ် စတင်လုပ်ကိုင်ခဲ့ရာမှ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သော ယင်းလုပ်ငန်းတွင် နွားနို့အစိမ်းမှတစ်ဆင့် အသင့်သောက်သုံးရန် နွားနို့၊ မလိုင်၊ နို့ချဉ်(ဒိန်ချဉ်)နှင့် ထောပတ်ပြုလုပ်ခြင်း၊ နို့ဆီချက်လုပ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ"**





အသင့်စားသုံးရန် ထုတ်လုပ်သော နို့ဆီဘူးများနှင့် နွားနို့ဘူးများ။



နို့ထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ။

# ဂန္ဓမာပန်းဈေးကွက် ကောင်းမွန်သဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိ



**စစ်ကိုင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးအရှေ့ဘက်၌ တည်ရှိသော ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်း စသည့်ကျေးရွာများတွင် ဂန္ဓမာပန်း၊ မေမြို့ပန်းနှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိကြောင်း၊ ဂန္ဓမာပန်းမျိုးအနေဖြင့် ဂန္ဓမာပန်းမျိုးကွဲပေါင်း များစွာရှိသည့်အနက် အဓိကထားစိုက်ပျိုးသော ဂန္ဓမာပန်း အမျိုးအစားများဖြစ်သည့် ကြွေဖြူ၊ ကြွေဝါ၊ လပ်ကီးဖြူ၊ လပ်ကီးနီ၊ ဆန်းမားဖြူ၊ ဆန်းမားဝါ၊ ရွှေစိမ်း၊ ပုလဲဖြူ စသည့်ပျိုးပင်များကို ပြင်ဦးလွင်မြို့နယ်မှ မှာယူစိုက်ပျိုးပြီး စိုက်ခင်းတစ်ဧကလျှင် ပန်းပင် ၁၀၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး လကျော်အရွယ်မှစတင်၍ ဈေးကွက်ဝင်ရောင်းပန်းလှသော ဂန္ဓမာပန်းများကို ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

ဂန္ဓမာပန်းဈေးနှုန်း ဈေးကွက်အနေဖြင့် ဂန္ဓမာပန်းတစ်စည်းလျှင် အကြီး/အသေးအပေါ်မူတည်၍ ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ နှုန်းဖြင့် မြို့ပေါ်ရှိပန်းဆိုင်များသို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိပြီး တစ်ဆင့်ပြန်လည် ရောင်းချကြသည့် လက်လီပန်း ရောင်းသူများနှင့် အလှူပွဲ၊ မင်္ဂလာအခမ်းအနား၊ ပန်းအလှဆင်သူများကလည်း ခြံအရောက်လာရောက်ဝယ်ယူမှုများရှိကြောင်း၊ ဂန္ဓမာပန်း တစ်ဧက စိုက်ပျိုးထားရှိလျှင် တစ်လဝင်ငွေမှာ အနည်းဆုံး ငွေကျပ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အကြား ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဂန္ဓမာပန်း စိုက်ပျိုးတောင်သူများထံမှ သိရသည်။

လက်ရှိအချိန်တွင် ဂန္ဓမာပန်း ဈေးကွက်ကောင်းမွန်ပြီး တစ်ပင်လျှင် အပွင့် ၉ - ၁၀ ပွင့် အပင်နှစ်ပင်ပါ တစ်စည်းလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ ပန်းပွင့်အရည်အသွေးအလိုက် ရောင်းချလျက်ရှိ၍ ပန်းပေါခြင်း၊ ရှားခြင်း အပေါ်မူတည်ကာ ဈေးနှုန်း အတက်အကျရှိကြောင်း သိရသည်။



# ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

**မကွေး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သော မိုးမြေပဲများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ မိုးမြေပဲများကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးပြီး အောက်တိုဘာလကုန်ပိုင်းတွင် တူးဖော်ရကြောင်း၊ ကုန်းတွင်းပိုင်းယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မှစတင်၍ ဈေးကွက်ခိုင်မာလျက်ရှိသော ဆီထွက်သီးနှံ မိုးမြေပဲ သုံးလပင်ပြန့်မျိုးကို အများဆုံးစိုက်ပျိုးလာကြကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

မြေပဲသီးနှံစိုက်ပျိုးထွက်ရှိမှုအနေဖြင့် စိုက်ပျိုးရာတွင် အလုပ်သမားရှားပါးပြီး သွင်းအားစုများ ဈေးနှုန်းမြင့်တက်သောကြောင့် ကုန်ကျစရိတ်များသော်လည်း ဈေးကွက်ခိုင်မာပြီး ရောင်းလိုအားနှင့် ဝယ်လိုအား ကောင်းမွန်သော မြေပဲကို နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ မြေပဲခင်းအတွင်း သီးညှပ်အဖြစ် ပဲစင်းငုံနှင့် ပဲတီစိမ်းသီးနှံများကို စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မြေပဲစိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်ခြင်းကြောင့် မြေပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၃၀ မှ ၃၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလဆန်း မြေပဲသီးနှံစတင်ထွက်ပေါ်ချိန်တွင် ဒေသပေါက်ဈေးမှာ မြေပဲအတောင့် (အခြောက်) တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ တစ်တင်းလျှင် ငွေကျပ် ၂၄၀၀၀ ခန့်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ်ငါးသိန်းခန့်ကုန်ကျပြီး ဝင်ငွေမှာ ငွေကျပ်ရှစ်သိန်းခန့်ရရှိ၍ ငွေကျပ်သုံးသိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိစေရန် မြေပဲတောင့်များကို နေလှန်းအခြောက်ခံ၍ မြေပဲဆန်များခွဲယူပြီး မြေပဲဆန်များကို ကိုင်းကျွန်းမြေများ၌ နိုဝင်ဘာလကုန်ပိုင်းတွင် စိုက်ပျိုးရန်အတွက် မျိုးမြေပဲဆန်များ ရောင်းချခြင်းအပြင် ဆီစက်များ၊ ပွဲရုံများသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကံပိုင်တည် နိုဝင်ဘာ ၁၃**

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁ ဒသမ ၁၈၄ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၈၀၈ အမေရိကန်ဒေါ်လာသန်း စုစုပေါင်း ၁ ဒသမ ၉၉၂ အမေရိကန်ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှု လျာထားချက်အပေါ် ၄၄ ဒသမ ၂၆၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။



၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် ဈေးနှုန်းတစ်တန်လျှင် ယွမ် ၂၅၃၀(၃၄၅ ဒသမ ၉၈ ဒေါ်လာ)တို့ဖြင့် တန်ချိန် ၃၁၆၇ တန် တန်ဖိုး ၁ ဒသမ ၀၉၈ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံပြား (Iron Sheet)၊ သံပိုက် (Iron Pipe)၊ မြက်ခင်းတု (Artifficial Grass)၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၂၈ ဒသမ ၀၀ တန် တန်ဖိုး သုည ဒသမ ၂၄၄ ဒေါ်လာသန်း၊ လုပ်ငန်းသုံးပစ္စည်း ၃၆၆ တန် တန်ဖိုး သုည ဒသမ ၃၀၂ ဒေါ်လာသန်းနှင့် လူသုံးပစ္စည်း ၂၆၆ တန် တန်ဖိုး သုည ဒသမ ၂၆၁ ဒေါ်လာသန်းတို့ တင်သွင်းနိုင်ခဲ့သည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

**၁၃.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၃၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၄၀၀ | ၁၆၀၀၀ | ၄၉၈၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၈၁၀၀ | ၈၀၀ | ၈၅၀၀ | ၆၅၀၀ | ၃၄၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၁၇၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၇၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၆၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ညွှန့်မထဆန် တစ်ပြည်လျှင် လားရှိုးနှင့် ပဲခူးတွင် ၁၀၀ကျပ် ၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၅၀ကျပ် ၊ တောင်ကြီး ၊ မန္တလေး ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ် ၊ မော်လမြိုင်တွင် ၁၂၀ကျပ် ၊ ပုသိမ်တွင် ၂၀၀ကျပ် ၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ မုံရွာနှင့် မကွေးတွင် ၃၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ တောင်ကြီးနှင့် ဘားအံတွင် ၂၀၀ကျပ်၊ မုံရွာတွင် ၃၀၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀၀ကျပ်၊ မုံရွာတွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ တောင်ကြီးတွင် ၂၀၀ကျပ်၊ ဘားအံနှင့် မကွေးတွင် ၅၀၀ကျပ်၊ မုံရွာတွင် ၆၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်နှင့် မြိတ်တွင် ၂၀၀ကျပ်၊ ရန်ကုန်တွင် ၃၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ရန်ကုန်တွင် ၂၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

# တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အင်းသားအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၁၃**

တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပြန်လည်အမှတ်ရစေပြီး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် စည်းလုံးညီညွတ်မှုကို ဖော်ကျူးဂုဏ်ယူ၍ ဇာတိသွေး၊ ဇာတိမာန်များ၊ မျိုးချစ်စိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ ထက်မြက်ရှင်သန်ရေး၊ နိုင်ငံတော်ကိုချစ်မြတ်နိုးသော စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် အသိပေးနှိုးဆော်သည့်နေ့အဖြစ် ယနေ့နံနက် ၈ နာရီက ညောင်ရွှေမြို့ ကျောက်တိုင်ကွင်း၌ အဋ္ဌမအကြိမ်မြောက် အင်းသားအမျိုးသားနေ့အခမ်းအနား ကျင်းပသည်။

အဋ္ဌမအကြိမ်မြောက် အင်းသားအမျိုးသားနေ့တွင် အင်းလေးဒေသရှိ အင်းသားရိုးရာ ရာကျော်လှေ ၁၄ စင်း၊ ၄၆ တက်လှေ ခြောက်စင်းတို့ဖြင့် ဒေသခံအင်းတိုင်းရင်းသား တိုင်းရင်းသူများ ချီတက်လှော်ခတ်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အင်းသားတိုင်းရင်းသား ယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ်မြောက် အင်းသားအမျိုးသားနေ့လူထုအခမ်းအနား၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းတွင် လူမျိုးတစ်မျိုးဖြစ်တည်လာရန်အတွက် နှစ်ရာချီ၍ သမိုင်းအစဉ်အဆက် ကြိုးပမ်းလာခဲ့ကြသည်ဖြစ်ရာ တစ်မျိုးသားလုံး၏ သွင်ပြင်လက္ခဏာကို ဖော်ဆောင်သည့် တိုင်းရင်းသားတို့၏ အမျိုးသားနေ့သည် ထူးထူးခြားခြား ဂုဏ်ယူရသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ အင်းသားတို့၏ တစ်မူထူးခြားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မတ်တတ်ရပ်၍ ခြေထောက်ဖြင့် လှေလှော်ခြင်း၊ လှေလှော်ပြိုင်ပွဲများ ကျင်းပရာ၌ လှေတစ်စင်းတွင် လူ ၁၀၀ ကျော် ပါဝင်လှော်ခတ်ခြင်း၊ ရေပေါ်တွင် အိမ်ဆောက်နေထိုင်ခြင်း၊ ဆောင်းခေါ် ငါးဖမ်းပိုက်ငယ်များဖြင့် ငါးဖမ်းခြင်း၊ ရေခြံခေါ် ကျွန်းမျောများပေါ်တွင် စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ ပန်းထိမ်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းတို့ဖြင့် အသက်မွေးခြင်း စသည့်ထူးခြားချက်များကြောင့် ပြည်တွင်း၌သာမက ကမ္ဘာမှာပင် လူသိများကြခြင်းဖြစ်ကြောင်း၊ အင်းသားတိုင်းရင်းသားများအနေဖြင့် မိမိတို့



တိုင်းရင်းသားမျိုးနွယ်စု၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ဖော်ထုတ်၍ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဋ္ဌမအကြိမ်မြောက် အင်းသားအမျိုးသားနေ့အတွက် အလှူငွေများပေးအပ်ခြင်းနှင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်းများသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာဆောင်ရွက်ရန် အရေးကြီး

**စစ်တွေ နိုဝင်ဘာ ၁၃**

ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အရာထမ်းများနှင့်သက်ဆိုင်သော ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဥပဒေများကို ကျေညက်အောင်လေ့လာ**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံ့ဝန်ထမ်းများသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများ၊ အစိုးရအဖွဲ့ အစည်းအဝေးများတွင် လုပ်ဆောင်ချက်များအားလုံးသည် ဥပဒေနှင့်အညီဖြစ်စေရန်၊ ဥပဒေဘောင်အတွင်းက လုပ်ဆောင်ကြရန်၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့နှင့်သက်ဆိုင်သော ဥပဒေများကို ကျေညက်အောင် လေ့လာထားကြရန်လိုသည်ဟု အမြဲညွှန်ကြားလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အရာထမ်းများနှင့် သက်ဆိုင်သော ဥပဒေရေးရာအလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အရာထမ်းများ ၁၃၀ တက်ရောက်ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက စီစဉ်ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းနှင့် စက်ချုပ်သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

**ကြိုးစားသင်ယူ**

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လူမှုစီးပွားဘဝအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် လူငယ်များအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များထူထောင်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်မြင်စေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အတွက် ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၃ ရက်မှ ၂၇ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၅ ဦး၊ စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စားသုံးဆီနှင့် စက်သုံးဆီဈေးနှုန်းများ မှန်ကန်တည်ငြိမ်စေရေး၊ ဖြန့်ဖြူးရောင်းချမှု စနစ်တကျရှိစေရေး စစ်ကိုင်းတိုင်းဒေသကြီးတွင်စည်းဝေး

**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးဆီနှင့် စက်သုံးဆီဖြန့်ဖြူးရောင်းချရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း စားသုံးဆီနှင့် စက်သုံးဆီဈေးနှုန်းများ မှန်ကန်တည်ငြိမ်စေရေး၊ ဖြန့်ဖြူးရောင်းချမှုစနစ်တကျရှိစေရေးအတွက် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း လက်ရှိရောင်းဝယ်ဖြန့်ဖြူးရေးအပိုင်းတွင် အခက်အခဲရှိသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသွားကြရန်လိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ဆန်၊ ဆီ၊ ပဲမျိုးစုံ၊ ကြက်သွန်နီ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်များ ဖူလုံပိုလျှံနေပြီး အခြေခံစားသောက်ကုန်များဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီများမှာ အရေးကြီးကုန်စည်များဖြစ်၍ စားသုံးဆီ၊ စက်သုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကော်မတီအား တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ တင်သွင်းစေခြင်း၊ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြစ်စေရေး၊ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ၊ ငွေလဲနှုန်းများပါ မကျန် စနစ်တကျ ထည့်သွင်းတွက်ချက်ပြီး အခြေခံရည်ညွှန်းဈေးများထုတ်ပြန်ကာ တိုင်းဒေသကြီး/ပြည်နယ်/မြို့များ အလိုက် ဒေသအရောက် အရင်းဈေးနှုန်းများ ထုတ်ပြန်ပေးပြီး သင့်တင့်သည့်အမြတ်ရာခိုင်နှုန်း သတ်မှတ်ပေးထားပြီး ဖြစ်သည့်အတွက် စားသုံးသူများအား အရေအတွက်၊ အရည်အသွေး၊ ဈေးနှုန်းမှန်မှန်ကန်ကန်ရောင်းချပေးသွားကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်သည့် ဌာနများကလည်း အမြဲမပြတ်ကြီးကြပ်ကွပ်ကဲပေးရန်နှင့် လိုအပ်ချက်များ ကူညီပေါင်းစပ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွန်း၊ တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် စားသုံးဆီ၊ စက်သုံးဆီ ရောင်းချနေသည့် လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စားသုံးဆီ၊ စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## ပုံပြင်

# ထူးဆန်းသော ဆလတ်ရွက်

ငွေတာရီ

(၃၁-၁၀-၂၀၂၃ ရက်နေ့မှအဆက်)

ဘီလူးကြီးများ ထွက်သွားကြသောအခါ သူသည် တောင်ထိပ်ပေါ်သို့ တက်၍နေလေ၏။ မကြာမီ တိမ်တိုက်တစ်တိုက်သည် သူ့ကိုယူဆောင်သွားကာ ဥယျာဉ်တစ်ခုအတွင်းသို့ ချထားလိုက်လေ၏။ ထိုအချိန်တွင် လုလင်မှာ ဆာလောင်မွတ်သိပ်လှသဖြင့် စားသောက်ဖွယ်ရာ ရနိုးနိုးဖြင့် ကြည့်ရှုရှာဖွေလေ၏။ သို့ရာတွင် ထိုဥယျာဉ်ထဲ၌ အသီးသီးသောအပင်ဟူ၍ တစ်ပင်မျှမရှိချေ။ ဟင်းသီးဟင်းရွက်များသာ ရှိလေသည်။ နောက်ဆုံးတွင် ဆာလောင်ခြင်းကို သည်းမခံနိုင်တော့သော လုလင်သည် ဆလတ်ရွက်များကိုပင် စားသောက်အံ့ဟု ခူးယူလေ၏။ ထို့နောက် ဆလတ်ရွက်နှစ်ရွက်မျှ စားမိလျှင်ပင် သူသည် များစွာထိတ်လန့်ခြင်း ဖြစ်သွားရလေသည်။ သူသည် လူစင်စစ်မှ မြည်းအဖြစ်သို့ ကူးပြောင်းသွားသောကြောင့်ပင်တည်း။ မည်သို့ပင်ဖြစ်စေ ဆာလောင်ခြင်းမှာ မပြေပျောက်သေးသဖြင့် ဆက်လက်၍ စားမြဲစားပြန်လေ၏။ ဆလတ်တစ်ခင်းကုန်သော် အခြားဆလတ်တစ်ခင်းမှ အပင်များကို ခူးစားပြန်လေ၏။ ဤတွင် သူသည် ဝမ်းမြောက်အံ့ဩခြင်း ဖြစ်ရပြန်တော့သည်။ အကြောင်းကား သူသည် မြည်းအသွင်မှ လူအသွင်ကို ပြန်ရလာသောကြောင့်တည်း။

ထို့နောက် သူသည် ခေတ္တမျှ အိပ်စက်နားနေလေသည်။ အိပ်ရာမှနိုးသော် မြည်းဖြစ်စေသော ဆလတ်ရွက်နှင့် လူပြန်ဖြစ်စေတတ်သော ဆလတ်ရွက်နှစ်မျိုးလုံးကို ခူးယူလေ၏။ သူသည် ထိုအရွက်များ၏ အကူအညီဖြင့် သူ၏ဆုံးရှုံးသောပစ္စည်းများကို ပြန်ရရန် ကြံစည်လေသည်။ ထို့ကြောင့် နတ်သမီးအိုနှင့် မိန်းမပျိုတို့ နေထိုင်သည့် ရဲတိုက်ကြီးကို ရှာဖွေလေ၏။ လေး၊ ငါးရက်မျှကြာသောအခါ ကံအားလျော်စွာဖြင့် ရဲတိုက်ကြီးကို တွေ့ရှိလေ၏။ လုလင်သည် သူ၏မျက်နှာကို အညိုရောင်ဆေးဖြင့် ခြယ်လေသည်။ အကယ်၍ သူ့မိခင်ကိုယ်တိုင်ပင်ဖြစ်စေကာမူ သူ့ကို သားဟူ၍ မှတ်မိနိုင်စရာမရှိတော့ချေ။ သူသည် ရဲတိုက်တွင်းသို့ဝင်၍ တည်းခိုခွင့်တောင်းလေသည်။ နတ်သမီးအိုက လုလင်၏အလုပ်အကိုင်ကို မေးမြန်းလေသည်။ ထိုအခါ လုလင်က သူသည် ဘုရင့်ခြေမြန်တော် တစ်ဦးဖြစ်သည်။ ကမ္ဘာပေါ်တွင် ရှိသမျှသော ဆလတ်ရွက်များအနက် အကောင်းဆုံးသောဆလတ်မျိုးကို စားလိုသည်ဟု ဘုရင်ကြီးအမိန့်ရှိသောကြောင့် လှည့်လည်ရှာဖွေရခြင်းဖြစ်သည်။ ယခုအခါ ထိုဆလတ်မျိုးကို တွေ့ရှိပြီဖြစ်သောကြောင့် နန်းတော်သို့ ပြန်ရမည်ဖြစ်သည်ဟုဆို၏။ ထို့ပြင် သူက ထိုဆလတ်ရွက်များသည် အလွန်အရသာထူးသည်မှန်သော်လည်း ခူးခဲ့သည်မှာ အတန်ငယ်ကြာနေသဖြင့် နွမ်းစပြုနေပြီ။ ယခင်ကကဲ့သို့ အရသာပင်ရှိပါဦးမည်လားမသိဟု ပြောလေသည်။

ထိုအခါ အမယ်အိုနှင့် မိန်းမပျိုတို့သည် ထိုဆလတ်ရွက်များကို စားလိုသောစိတ် ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် သူတို့မြည်းကြည့်ပါရစေဟု ဆိုလေသည်။ လုလင်လည်း ကောင်းပြီဟုဆိုကာ မြည်းဖြစ်စေသော ဆလတ်ရွက်များကို ပေးလိုက်လေ၏။ နတ်သမီးအိုသည် ထိုအရွက်များကို လက်သုပ်အဖြစ် ကောင်းစွာစီမံအံ့ဟု မီးဖိုဆောင်သို့ ယူသွားလေသည်။ သူသည် ယင်းတို့ကို လက်သုပ်လုပ်ပြီးသည်နှင့်တစ်ပြိုင်နက် မြည်းကြည့်လိုသောဆန္ဒဖြစ်ပေါ်လာလေ၏။ သို့ဖြင့် သူသည် တစ်လုတ်မျှ နှိုက်စားမိလေသည်။ ထိုခဏ၌ပင် သူသည် မြည်းအဖြစ်သို့ ကူးပြောင်းကာ မီးဖိုဆောင်တံခါးပေါက်မှ နောက်ဖေးမြက်ခင်းထဲသို့ ဟည်းလျက်ဆင်းပြေးသွားလေတော့၏။

ထို့နောက် အစေခံမိန်းမသည် မီးဖိုဆောင်တွင်းသို့ ဝင်သွားပြန်၏။ သူသည် ဆလတ်ရွက်သုပ်ပန်းကန်ကိုမြင်လျှင် အိမ်ရှေ့သို့ ယူလာလေသည်။ သို့ရာတွင် မအောင့်နိုင်သဖြင့် လမ်းတွင်ပင် တစ်လုတ်မျှ နှိုက်စားမိပြန်သည်။ ဤတွင် သူလည်း နတ်သမီးအိုကဲ့သို့ပင် မြည်းအသွင်ပြောင်းကာ မြက်ခင်းထဲသို့ ပြေးဆင်းသွားပြန်လေ၏။ လက်သုပ်ပန်းကန်ကား ကြမ်းပြင်ပေါ်သို့ကျကာ ကျန်ခဲ့လေသည်။ ထိုအချိန်တွင် မိန်းမပျိုသည် လက်သုပ်စားလိုလှပြီ ဖြစ်သဖြင့် တမျှော်မျှော်နှင့် ရှိနေလေသည်။ လုလင်သည် တစ်စုံတစ်ခုဖြစ်နေပြီဟု ရိပ်မိသဖြင့် မီးဖိုဆောင်သို့ ဝင်ရောက်သွားလေ၏။

သူသည် မြက်ခင်းပေါ်တွင် ပြေးလွှားနေသော မြည်းနှစ်ကောင်ကိုမြင်လျှင် နတ်သမီးအိုနှင့် အစေခံမိန်းမတို့သည် ဆလတ်ရွက်ကိုစားပြီးကြောင်း သိရလေသည်။ ထို့ကြောင့် သူသည် ကြမ်းပေါ်ရှိ လက်သုပ်ပန်းကန်ကို မိန်းမပျိုထံယူလာလေသည်။ မိန်းမပျိုလည်း စားလေရာ မြည်းအဖြစ်သို့ ကူးပြောင်းသွားပြန်၏။ ထိုအခါ လုလင်သည် သူ့ကိုရန်သူများ မမှတ်မိစေခြင်းငှာ မျက်နှာတွင် ခြယ်ထားသော ဆေးများကို ဖျက်ပစ်လေ၏။ နောက် သူသည် မြည်းများရှိရာ မြက်ခင်းသို့ ဆင်းသွားလေသည်။ သူသည် မြည်းသုံးကောင်ကို ကြိုးတစ်ချောင်းဖြင့်ချည်ကာ ဆွဲခေါ်သွားလေ၏။ ထို့နောက်မြင်းထိန်းအား ဤသို့ပြောလေ၏။

"အဆွေ၊ ကျွန်ုပ်မှာ ဤဆိုးရွားလှသောသတ္တဝါများကြောင့် ဒုက္ခရောက်လှပါသည်၊ သင်သည် ၎င်းတို့အား နေရာပေး၍ ကျွန်ုပ်ပြောသကဲ့သို့ ပြုစုပါက သင်တောင်းသမျှငွေကို ကျွန်ုပ်ပေးပါမည်"

မြင်းထိန်းလည်း ဝန်ခံကာ မည်သို့ပြုစုရမည်ကို မေးမြန်းလေ၏။ ထိုအခါ လုလင်က "အအိုဆုံးမြည်းကို တစ်နေ့လျှင် သုံးကြိမ်ရိုက်၍ မြက်တစ်ခါ ကျွေးပါလေ။ ဒုတိယမြည်း (အစေခံမဖြစ်သည်) ကိုမူ တစ်နေ့လျှင် တစ်ကြိမ်သာရိုက်၍ မြက်သုံးခါကျွေးပါ။ အငယ်ဆုံးမြည်းကိုကား တစ်နေ့လျှင် မြက်သုံးခါကျွေး၍ လုံးဝမရိုက်ပါနှင့်"ဟု ဆိုလေသည်။ စင်စစ် လုလင်သည် မိန်းမပျိုကို ရိုက်လောက်အောင် စိတ်မနာခဲ့ပေ။ ထို့နောက် သူသည် ရဲတိုက်သို့ ပြန်သွားကာ သူ့ပစ္စည်းများကို ရှာဖွေလေသည်။ သူသည် ပစ္စည်းအားလုံးကိုပင် ပြန်ရလေသည်။

ရက်အနည်းငယ်ကြာသော် မြင်းထိန်းသည် လုလင်ထံလာရောက်ကာ အအိုဆုံးမြည်းမှာ သေဆုံးသွားပြီဖြစ်ကြောင်း ပြောပြလေ၏။ သူက ဆက်လက်၍ "ကျန်နှစ်ကောင်မှာ ကျန်းမာသော်လည်း များစွာစိတ်မချမ်းမြေ့ပုံရသဖြင့် ကြာရှည်ခံမည်မထင်" ဟု ဆိုလေသည်။ ထိုစကားကိုကြားလျှင် လုလင်ပျိုလည်း သနားကြင်နာသည်ဖြစ်သောကြောင့် မြည်းများကို သူ့ထံပြန်ယူလာရန် မြင်းထိန်းအား မှာလိုက်လေသည်။ မြည်းတို့ ပြန်ရောက်လာကြသော် သူသည် လူ့အသွင် ပြန်ရစေသော ဆလတ်ရွက်များကို ကျွေးလေ၏။ လူ့အသွင်ကို ပြန်ရလာသောအခါ မိန်းမပျိုသည် လုလင်၏ ခြေရင်းဝယ် ဒူးထောက်လျက် ဤသို့တောင်းပန်ပြောဆိုလေ၏။

"အမောင်၊ ကျွန်မ၏ မိုက်မဲမှုကို ခွင့်လွှတ်ပါ။ စင်စစ် ကျွန်မသည် မောင့်အား အလွန်ချစ်ခင်သဖြင့် ဒုက္ခမပေးလိုပါ။ မိခင်ကြီး၏ အမိန့်ကို မတော်လှန်ဝံ့သဖြင့်သာ စိတ်မပါဘဲ ပြုလုပ်ရခြင်း ဖြစ်ပါသည်။ မောင်၏ဝတ်ရုံသည် မိခင်၏အိပ်ခန်းထဲတွင် ချိတ်လျက်ရှိပါသည်။ ငှက်၏နှလုံးသားကိုလည်း မောင့်အား ကျွန်မပြန်ပေးပါမည်"

ထိုအခါ လုလင်က "ချစ်နှမ၊ ထိုပစ္စည်းများသည် သင့်ထံ၌ရှိလျှင် မောင့်ထံ၌ ရှိသည်နှင့် အတူတူပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မောင်သည် နှမကို ချစ်မြတ်နိုးလှသဖြင့် ဇနီးအဖြစ် သိမ်းပိုက်ရန် ကြံရွယ်ထားသောကြောင့်ပင်တည်း"ဟု ပြန်ပြောလေ၏။ ထို့နောက် သူတို့သည် လက်ထပ်ကြကာ အသက်ထက်ဆုံး ပျော်ရွှင်စွာနေထိုင်ကြလေသတည်း။ ။

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(၃၁-၁၀-၂၀၂၃ ရက်နေ့မှအဆက်)





## ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**

တကယ်လို့များ ကျွန်တော်ဟာ ဆော်ဒီအာရေဗျမှာ နေထိုင်ရပြီး ကျွန်တော့်ရဲ့ ရေတွင်းတွေဟာလည်း ရေတွေနဲ့ ပြည့်ကောင်းပြည့်နေမယ် ဆိုရင်တော့ ကျွန်တော်ဟာ သိပ် ကံကောင်းမှာပဲဗျို့…။





တောင်အမေရိကားမှာရှိတဲ့ ခြင်တွေဟာ သိပ်ကို ကြီးလိုက်တာမှ၊ သူတို့ရဲ့ အကိုက်ခံရတဲ့ လူတွေဟာ အသက်ရှင် နေထိုင်ဖို့အတွက် ချက်ချင်း သွေးသွင်းဖို့ လိုအပ်တယ်ဆိုပဲဗျို့…။



တစ်ချိန်က သိပ်ချမ်းသာတဲ့လူတစ်ယောက်ဟာ သူ့ရဲ့ ဇိမ်ခံကားနောက်ပိုင်းမှာ ပြိုင်ကားတစ်စီးကို အပိုထည့်ထားသတဲ့။ အဲသလိုနဲ့ သူ့မှာ တာယာတစ်ခု ပြားချပ်သွားပါလေရောလား ဗျ…။




**တရားသူကြီး** – မင်းဟာ အသုံးမကျတဲ့ ငါးဒေါ်လာတန် တစ်ခုအတွက် အဘွားအိုတစ်ယောက်ကို ဓားပြတိုက်ရပါတယ်လို့ ပြောချင် တယ်ပေါ့ ဟုတ်လား…။

**အကျဉ်းသား** – အင်း… လေးစားပါတယ် လူကြီးမင်း ရာ။ ဒီမှာလည်း ငါးဒေါ်လာ၊ ဟိုမှာလည်း ငါးဒေါ်လာ အားလုံးဟာ အပေါင်းလက္ခဏာတွေချည်းပဲပေါ့ဗျာ။



(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၁၀

## လူငယ်များသိသင့်သော ပျော်ရွှင်ခြင်း၏ လျှို့ဝှက်ချက်များ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

လူ့ဘဝခရီးတွင် လူငယ်များအနေဖြင့် ပျော်ရွှင်မှုဖြင့် ဘဝရည်မှန်းချက်များ ဖော်ဆောင်နိုင်ရန် လိုအပ်သည်။ နာမည်ကြီး စာရေးဆရာတစ်ဦးဖြစ်သူ Andrew Mathews က ပျော်ရွှင်ခြင်း၏ လျှို့ဝှက်ချက်များကို ပြောဆိုခဲ့သည်။

Andrew Mathews က ဆွေးနွေးပွဲတစ်ခုတွင် “ပျော်ရွှင်မှုထက် ဘာကပိုအရေးကြီးသလဲ”ဟု ပရိသတ်ကို မေးမြန်းခဲ့သည်။ ထို့နောက် သူသည် ရယ်စရာကောင်းသောကာတွန်းများကို စတင်ရေးဆွဲခဲ့ပြီး “ကျွန်တော် ကျောင်းမှာ သင်္ချာဘာသာရပ်သင်ရင်း ပုံဆွဲတတ်ခဲ့တယ်” ဟု ပြောဆိုရာ လူတိုင်းရယ်မောခဲ့ကြသည်။

Andrew Mathews အကြောင်း မိတ်ဆက်ပေးရလျှင် သူသည် “စိတ်နေသဘောထား”၊ “ပျော်ရွှင်ခြင်း”၊ “အောင်မြင်မှု” နှင့် “စည်းစိမ်ချမ်းသာ” စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည့် နိုင်ငံတကာဟောပြောသူတစ်ဦးဖြစ်သည်။ “Being Happy” နှင့် “Follow your heart” ကဲ့သို့သော စေ့ဆော်ခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဂန္ထဝင်စာအုပ်များရေးသားသော အရောင်းရဆုံး စာရေးဆရာတစ်ဦးဖြစ်သည်။ သူပြောပြသော ပျော်ရွှင်မှု၏လျှို့ဝှက်ချက် (၁၀) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) သင်အခုရောက်နေတဲ့နေရာမှာ ပျော်ရွှင်ပါစေ။**

ချို့တဲ့တာကို ညည်းညူနေမယ့်အစား သင့်မှာရှိတဲ့အရာတွေအတွက် အခုချက်ချင်းကျေးဇူးတင်လိုက်ပါ။ သင်လိုချင်တာကို လိုက်ရှာတဲ့အခါ သင်ပိုင်ဆိုင်ထားတဲ့အရာကို ကျေနပ်လိုက်ပါ။

**(၂) ပျော်ရွှင်မှုဆိုတာ အရာအားလုံးထက် သာလွန်တယ်ဆိုတာ ကျွန်တော်တို့ နေ့စဉ်လုပ်နေတဲ့ ရွေးချယ်မှုတစ်ခုပါ။**

ပျော်ရွှင်မှုဆိုတာ သတိရှိရှိ ဆုံးဖြတ်ချက်တစ်ခုပါ။ သင်ဒီနေ့ပျော်ရွှင်ဖို့ ရွေးချယ်မလား၊ ဒါမှမဟုတ် စိတ်ဆင်းရဲဖို့ ရွေးချယ်မလား။ သင့်ရဲ့ လုပ်ဆောင်ချက်/ တုံ့ပြန်မှုဟာ အခြေအနေတစ်ခုကို လက်ခံဖို့ သင့်ရွေးချယ်ပုံနဲ့ ဆုံးဖြတ်ပါတယ်။ Andrew ဟာ မိကျောင်းတွေဝိုင်းနေတဲ့စုံတွဲတစ်တွဲရဲ့ ရယ်မောဖွယ် သရုပ်ဖော်ပုံကို ပေးခဲ့ပါတယ်။ ထိုလူက “အိုးမိုင်ဂေါ့ မိကျောင်းတွေ” လို့ တွေးခဲ့ပေမယ့် သူ့မိန်းမကတော့ “အိုးမိုင်ဂေါ့ လက်ကိုင်အိတ်တွေ” လို့ တွေးခဲ့ပါတယ်။

**(၃) ပျော်ရွှင်မှုဆိုတာ ကျွန်တော်တို့ မပြောင်းလဲနိုင်တဲ့ အရာတွေကို နားလည်ပြီး ကျွန်တော်တို့ တတ်နိုင်သလောက်လုပ်ဆောင်ခြင်းပါ။**

တချို့အရာတွေက နေ့ချင်းညချင်းပြောင်းလဲဖို့ ခက်ခဲပါတယ်။ ဆင်းရဲနွမ်းပါးသူမှ သန်းကြွယ်သူဌေးအဖြစ်သို့ တစ်ရက်အတွင်း ပြောင်းလဲခြင်းက ထူးဆန်းပါတယ်။ ပျော်ရွှင်မှုဆိုတာ တချို့အရာတွေက အချိန်ပိုယူရတယ်ဆိုတာ သိခြင်းပါပဲ။ ကျွန်တော်တို့ဟာ ချက်ချင်းပြောင်းလဲနိုင်တဲ့အရာကို လုပ်ဆောင်ခြင်းဖြင့် စတင်နိုင်ပါတယ်။

**(၄) သင့်မျက်နှာကိုပြုံးပြပါ။ အဲဒါက သင်တွေးပုံတွေးနည်းကို ပြောင်းလဲပေးတယ်။**

ပြီးခဲ့တဲ့သောကြာနေ့ ညနေက ကျွန်တော်ဟာ သူငယ်ချင်းတစ်ယောက်ကို ရေခဲပြင်စကိတ်စီးဖို့ သင်ပေးခဲ့တယ်။ ကျွန်တော်သောက်နေရင်း လှပတဲ့ ကောင်မလေးတစ်ဦးကို တွေ့ခဲ့တယ်။ ကျွန်တော်တို့ နှစ်ဦး ငွေအကြွေထည့်ရင် စားဖွယ်သောက်ဖွယ် ထုတ်ပေးတဲ့စက် (အရောင်းစက်) (Vending machine) ဆီသို့ လျှောက်သွားရင်း သူက ပြုံးပြလိုက်တယ်။ ကျွန်တော်က ပြန်ပြုံးပြပြီး သူ့ကို အရင်ဝယ်ခွင့်ပြုလိုက်တယ်။ သူနဲ့အတူ ကျွန်တော်ဟာ ရေခဲစကိတ်ကွင်းကို ဖြတ်လျှောက်ခဲ့ကြတယ်။ သူ ရေခဲပြင်ပေါ်မှာ လဲကျသွားတဲ့အခါ ကျွန်တော်ကူညီဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော်တို့ မျက်လုံးချင်းဆုံမိပြန်တယ်။ သူက ပြုံးပြပြီး ကျွန်တော်က ပြန်ပြုံးပြတယ်။ အဲဒီနောက် သူရေခဲပြင်စကိတ်ကွင်းထဲက လမ်းလျှောက်ပြန်လာစဉ် ကျွန်တော်က ပြုံးပြီး လက်ဝှေ့ယမ်းပြလိုက်တယ်။ သူကလည်း ပြန်ပြီး ပြုံးပြလိုက်တယ်။ သူ့သူငယ်ချင်းတွေက “ဒါ မင်း သူငယ်ချင်းလား” လို့ မေးကြတဲ့အခါ သူပြန်ဖြေတာကို နားမလည်ပေမယ့် ပြုံးပြီး ကျွန်တော့်ကို နောက်လှည့်ကြည့်တာကို သတိရမိတယ်။ ကျွန်တော်လည်း လက်ဝှေ့ယမ်းပြရင်း သူ့သူငယ်ချင်းတွေကို ပြန်ပြုံးပြခဲ့တယ်။

ကျွန်တော်တို့ဟာ စကားလုံးတစ်လုံးမှ မဖလှယ်ခဲ့ကြပါဘူး။ အဲဒါ မလိုအပ်ပါဘူး။ အပြုံးတွေဟာ ကျွန်တော်တို့နှစ်ဦးရဲ့ နေ့ရက်တွေကို တောက်ပသွားစေလောက်အောင်ပါပဲ။

**(၅) သင်ရရှိသမျှကို လက်ခံပြီး ကိုင်တွယ်ဖြေဆိုပါ။**

မကြာခဏဆိုသလို မကောင်းတာတစ်ခုခု ဖြစ်တဲ့အခါ လက်ညှိုးထိုးပြပြီး တခြားလူတွေကို အပြစ်တင်ဖို့ မြန်လွန်းတယ်။ ပျော်ရွှင်မှုဆိုတာ တာဝန်ဝတ္တရားတွေကို လက်ခံပြီး ကိုယ့်လမ်းကြောင်းပေါ်ရောက်နေတာကို ကိုင်တွယ်ဖြေရှင်းခြင်းနဲ့ သက်ဆိုင်ပါတယ်။ တစ်ကမ္ဘာလုံးကို အပြစ်တင်တာက ဘာမှဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။

**(၆) ပြဿနာများ (လုပ်ဆောင်ရန်ခက်ခဲပစ္စည်း)**

အန်ဒရူး (Andrew) က အရေးယူဆောင်ရွက်ဖို့ ကျွန်တော်တို့အတွက် ခက်ခဲပစ္စည်းအနေနဲ့ ပြဿနာတွေကို ရှုမြင်ဖို့ အကြံပေးထားပါတယ်။ ပြဿနာတွေက ဆရာကောင်းတွေမို့ သူတို့ကို ချစ်တတ်အောင် သင်ယူပါ။ နောက်တစ်ကြိမ် လုပ်ငန်းခွင် ဒါမှမဟုတ် လုပ်ငန်းမှာ ပြဿနာတစ်ခုခု ကြုံရတဲ့အခါ သင့်သူဌေး ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်ဆီကို ပြေးပြီး “ကျွန်တော်တို့မှာ အခွင့်အလမ်းကြီးကြီးမားမားရှိပါတယ်”လို့ ပြောဆိုပါ။

**(၇) သင်လက်ရှိလုပ်နေတဲ့အရာမှန်သမျှကို စဉ်းစားကြည့်ပါ။**

အကောင်းဆုံးရာနှုန်းပြည့်လုပ်ပြီးရင် ဘဝက သင့်ကို ပံ့ပိုးကူညီပေးပါလိမ့်မယ်။

**(၈) မျှော်လင့်ရမည့်အရာကို သိပါ။**

သင်လိုတဲ့အရာ မရခဲ့ရင် ဖြစ်လာတဲ့အရာက အရေးကြီးတယ်။ အဲဒါက သင့်ကို ပိုကောင်းမွန်လာအောင် မျှော်လင့်ပါ။

**(၉) သင့်ကို ပိုပျော်ရွှင်စေမယ့်သူ မရှိပါဘူး။ သင်ကိုယ်တိုင်လုပ်ဆောင်ပါ။**

လူအတော်များများဟာ ကိစ္စရပ်တွေရောထွေးလုပ်ဆောင်နေကြတယ်။ ဇနီးမိန်းမတစ်ယောက်ဟာ သူ့ယောကျ်ားရဲ့ မကောင်းတဲ့အချက်တွေကို စဉ်းစားနေတတ်သလို မုဆိုးမတစ်ဦးဟာလည်း ကောင်းတဲ့အရာအားလုံးကို သတိရနေတတ်ပါတယ်။ ဒါဟာ စိတ်ဆင်းရဲစေမှုအတွက် အဆုံးစွန်သောနည်းလမ်းပါပဲ။

**(၁၀) သင်တွေးတဲ့နည်းလမ်းအတိုင်း ပျော်ရွှင်မှုက ရှိနေပါတယ်။**

သင်ကိုယ်တိုင်ကလွဲပြီး ဘယ်သူကမှ သင့်ကို ပျော်ရွှင်အောင် မလုပ်ပေးနိုင်ပါ။ ကျွန်တော်တို့ ဘဝတွေဟာ အပြုသဘောဆောင်တဲ့ စိတ်ခံစားမှုတွေ၊ ကောင်းမွန်တဲ့ဆက်ဆံမှုတွေ၊ လက်တွေ့ကျင့်သုံးမယ့် စွမ်းအားတွေနဲ့ ရည်ရွယ်ချက်ရှိတဲ့ ဘဝအသိတရားတွေကြွယ်ဝရင် ပျော်ရွှင်မှုရရှိလာမှာ ဖြစ်ပါတယ်။



# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်တင်ဒါလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသော ရေပန်းအလှတပ်ဆင်ခြင်း လုပ်ငန်းနှင့် ဝင်္က ပါပတ်လမ်း (ဝါးရုံတောလျှောက်လမ်း) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရိုးရာအိမ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကပွဲခန်းမအတွင်း ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

# ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်ချက်

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ (၁၅) ရက်အထိ ကာလကို ရေနည်း ကာလအဖြစ် သတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် အောက်ပါအတိုင်း ရေယာဉ်များ၏ ဝန်တင်ရေစူးကို ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သတင်းတု၊ သတင်းမှားများကို ချင့်ချိန်ယုံစေချင်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတော်ကို အမှန်တကယ် ချစ်မြတ်နိုးသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**○ ချယ်လ်ဆီးအသင်းမှ**

ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ပွဲစဉ်မှာ တစ်ဖက် လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၉ မိနစ်မှာ သီယာဂိုဆေးလ်ဗား၊ ၃၇ မိနစ်မှာ စတာလင်၊ ၆၇ မိနစ်မှာ ဂျက်ဆင်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ပယ်လ်မာတို့က သွင်းယူပေးခဲ့ကာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ၂၅ မိနစ် (ပင်နယ်တီ)နဲ့ ၄၇ မိနစ်မှာ ဟာလန်းက နှစ်ဂိုး၊ ၄၅ မိနစ်မှာ အေကန့်ဂျီကတစ်ဂိုးနဲ့ ၈၆ မိနစ်မှာ ရိုဒရီက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို သရေတစ်မှတ်သာရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ သုံးမှတ်ဖြတ်ဦးဆောင်နိုင်မယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပြီး အမှတ်ပေးဇယား ဒုတိယနေရာက လီဗာပူးအသင်းကို ရမှတ်တစ်မှတ်ဖြတ်နဲ့သာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၂) အပြီးမှာ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်လျက်ရှိပြီး ချယ်လ်ဆီးအသင်းကတော့ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၀) မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ **ငွေကြယ်**

**■ ဂျပန်မှ**

ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ဟိန်းထက်အောင် (နီဂျိရီဆမ် ဘီလန်-မလေးရှား)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ရှေ့တန်း-အောင်သူ (အူထိုင်းထာနီ-ထိုင်း)၊ ဝင်းနိုင်ထွန်း(ဘော်နီယို-အင်ဒိုနီးရှား)၊ သန်းပိုင် (ချင်းမိုင်ယူနိုက်တက်-ထိုင်း)တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံသို့ထွက်ခွာသွားပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၂၄ ဦး စုစုပေါင်း ၃၅ ဦး လိုက်ပါသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ-MFF**

**❂ လာမည့်ရာသီမှ**

ထို့ကြောင့် လိဂ်ပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှသာ စတင်ကျင်းပမည်ဖြစ်ရာ MNL League Cup ပြိုင်ပွဲကို လိဂ်ပြိုင်ပွဲများ မစတင်မီ ကျင်းပမည်ဖြစ်သည်။ MNL League Cup ပြိုင်ပွဲကို MNL ကလပ်အသင်းများအပြင် MNL-2 ကလပ်အသင်းများလည်း ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၀၉ ခုနှစ်တွင် ပရိုစနစ်ကူးပြောင်းပြီးနောက် လိဂ်ပြိုင်ပွဲအပြင် ဖလားပြိုင်ပွဲများအဖြစ် MNL Cup ပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲများ ကျင်းပခဲ့ဖူးပြီး MNL League Cup ပြိုင်ပွဲအမည်ဖြင့် လာမည့်နှစ်မှ ပထမဆုံးကျင်းပခြင်းဖြစ်သည်။



**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၁၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၂-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မော်လမြိုင်ကျွန်းမြို့နယ် ကဇောင်းဖျားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု စစ်ဆေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကဇောင်းဖျားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့် ကဇောင်းဖျားကျေးရွာတွင် အရှည် ပေ ၁၄၆၀၊ အကျယ် လေးပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကဇောင်းဖျားကျေးရွာတွင် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ ကို အသုံးပြုကာ ခရိုင်/မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမအပတ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၁၂၀၊ လူဦးရေ ၅၉၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**




## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

နေပြည်တော် နိုဝင်ဘာ ၁၃

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ၊ ဒုတိယဆုရ ရေနံ့သာ မောင်ကျော်ညွန့် ရေးသားသည့်“ရေအဆန်လေထန်ကြမ်းပေမဲ့ကမ်းရောက်ခဲ့ပြီ” စာအုပ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိစာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါ သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန် မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်၊ ဒ-၈၊ ဦးပိုင်အမှတ် (၆၅)ခဲစင်းတောင်ဘက်ခြမ်း/၆၅x၆၆ ကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ဖေ [၉/မရမ(နိုင်)၀၃၃၃၃၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၄၇/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းအိုက်မိုင် [၁၃/နခန(နိုင်)၀၄၅၄၁၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ၊ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်ရိပ်သာ(၁)ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာကွန်ဒို၊ တိုက်အမှတ်(A)၊ RC(၈)ထပ် ကွန်ဒိုအဆောက်အဦမှ အခန်းအမှတ်(၁၂၀)၊ မြေညီထပ်၊ ဧရိယာ(၁၂၆၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးနေလင်းဦး(ခ) ဦးဝင်းဦး[၁၂/ကမရ(နိုင်)၀၂၈၀၆၃]၊ ဦးမြတ်သူ[၁၂/ဒဂန(နိုင်)၀၁၅၈၉၉] ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမောင်မောင်ဦး[၁၃/လရန(နိုင်)၀၉၄၀၁၄]၊ ဒေါ်နန်းခမ်းနွမ်လှိုင်း [၁၃/ကခန(နိုင်)၀၆၀၅၂၇]တို့မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမောင်မောင်ဦး နှင့် ဒေါ်နန်းခမ်းနွမ်လှိုင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651, 09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

### အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ်(၁)၊ ပိတောက်မြိုင်ရပ်ကွက်နေ အဖ ဦးမင်းနိုင်၏သမီး (အထက အရာတော် G-9) မရွှေရီဝင်းအား မရွှေရည်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေရည်ထွန်း**

### မော်တော်ယာဉ်မှတ်ပုံတင်
### စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-၇၃W/၁၅၅၆၉၊ အမျိုးအမည် Honda Wave 100 အမျိုးအစား၊ မော်တော်ဆိုင်ကယ်၊ ယာဉ်လက်ဝယ်ရှိသူအမည်.NCX Myanmar Co.,Ltd. မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည် -

**ကညန၊**
**ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### “ဖြည့်စွက်ဖတ်ရှုပါရန်”

(၁၁-၁၀-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၄) တွင်တရားလွှတ်တော်ရှေ့နေ ဒေါ်နန့်ရှုဂေးခလိန်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ၌ (၈)ထပ်ခွဲတိုက် အစား မီနီကွန်ဒို(၈)ထပ်ခွဲတိုက်ဟုလည်းကောင်း၊ ဒေါ်အိမေကျော် [၁၂/သကတ(နိုင်)၁၅၃၂၂၃]ဟုလည်းကောင်း၊ ဒေါ်အေးအေးသန်း[၁၂/ဗဟန(နိုင်)၀၅၉၁၄၇]ဟုလည်းကောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

### ဖခင်အမည်မှန်

မြန်အောင်မြို့နယ်၊ အထက (ခွဲ)သရက်ပင်စျေး Grade-9 (A) မှ (က-မ-၆၃၅)မဟန်နွေထူး၏ ဖခင်အမည်မှန်မှာ ဦးမင်းခိုင် [၁၄/မအန(နိုင်) ၁၅၂၂၉၅] ဖြစ်ပါသည်။

**ဦးမင်းခိုင်**

### အမည်မှန်

ရန်ကင်းမြို့နယ်၊ အထက (၁)၊ Grade-7 တွင် ပညာသင်ကြားနေသော ဦးနောင်နောင်လွင်၏သမီး မကြည်ပြာလင်းထွတ်၏ အမည်မှန်မှာ မစန္ဒြာမောင်မောင် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရန်ကင်းမြို့နယ်၊ အထက (၁) Grade-7 တွင် ပညာသင်ကြားနေသော မစန္ဒြာမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးနောင်နောင်လွင် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ခေတ်သစ်စံကိုယ်ပိုင် အထက်တန်းကျောင်း Grade-7 တွင်ပညာသင်ကြားနေသော သတိုးမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးနောင်နောင်လွင် ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမင်းမင်းဦး (CDC-66891)၏ PSC & RB လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-253978964

## သွေးသည်အသက်

### ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တိုက်ပွဲကျေးရွာအုပ်စု၊ တိုက်ပွဲကျေးရွာနေ အဖ ဦးစိုးတင့်၏ သားကျွန်တော် မောင်ကိုမောင် [၈/တတက(နိုင်)၁၅၁၉၁၉]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (ME-326037)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၃၉၉၁၀၂**

### “ဖြည့်စွက်ဖတ်ရှုပါရန်”

